# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ (3-12-2014) (၈၀၄၃)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုနိုင်ငံတည်ထောင်သည့် နှစ်ပတ်လည်နေ့သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် (၃၉)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလီ ဆိုင်ညဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် (၃၉)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အလုပ်လုပ်သော၊ ကြိုးစားသော ကျေးရွာများကိုရွေးချယ်ပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ပေးခြင်းဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂

**ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)မှ အကူအညီပေးမည့် ကျေးရွာသစ်စီမံကိန်းအကောင်အထည်ဖော်ရေးနှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း(MDI)တည်ထောင်ရေးစီမံကိန်းနှစ်ခုအတွက် ပူးတွဲဖိုရမ်ကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။**(အောက်ပုံ)

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)မှ တာဝန်ရှိသူများ၊ ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI)မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ကိုရီးယား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းနှစ်ခုဖြစ်သည့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (Myanmar Development Institute- MDI) တည်ထောင်ရေးစီမံကိန်းနှင့် ကျေးရွာသစ်လှုပ်ရှားမှု အကောင်အထည်ဖော်ရေးစီမံကိန်း(The Saemaul-Undong-New Village/ Community Movement)များ စတင်သည့် ဖိုရမ်အခမ်းအနားသည် မြန်မာ၊ ကိုရီးယားနှစ်နိုင်ငံအစိုးရချင်းသာမက ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်ကို ဦးစွာပြောကြားလိုပါကြောင်း။

မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း(MDI)တည်ထောင်ရေးစီမံကိန်းသည် ၂၀၁၂ ခုနှစ်အတွင်း၌ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာလီမြောင်ဘတ်၏ ချစ်ကြည်ရေးခရီးစဉ်တွင် နှစ်နိုင်ငံဆွေးနွေးမှုမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့**❖




## မြန်မာလူငယ် ကျောင်းသား ကျောင်းသူများအတွက် နော်ဝေနိုင်ငံက ဒေးဗစ်တောပညာသင်ဆုရန်ပုံငွေမတည်

**ရန်ကုန် ဒီဇင်ဘာ ၂**


မြန်မာနိုင်ငံသည် လူငယ်စွမ်းပကားကြွယ်ဝသည်မှာ သိသာထင်ရှားကြောင်း၊ ပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းသည် အနာဂတ်ကြွယ်ဝရေးအတွက် သော့ချက်များဖြစ်ကြောင်း၊ မြန်မာလူငယ်၊ ကျောင်းသား ကျောင်းသူများအတွက် နော်ဝေနိုင်ငံမှ ပညာသင်ဆုရန်ပုံငွေမတည်ထားကြောင်း နော်ဝေနိုင်ငံ ဟာရယ်ဘုရင်က ယနေ့ပြောကြားလိုက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ဟာရယ်ဘုရင်နှင့် ကြင်ရာတော်တို့သည် ၎င်းတို့၏ခရီးစဉ်အတွင်း သမိုင်းဝင်ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ နော်ဝေနိုင်ငံ ဟာရယ်ဘုရင်က မိန့်ခွန်းပြောကြားစဉ် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပညာသင်ဆုကို ဒေးဗစ်တော ပညာသင်ဆုဟု အမည်ပေးထားပြီး ငြိမ်းချမ်းရေးအတွက် အစဉ်တစိုက် ကြိုးစားအားထုတ်ရန် ခိုင်မာသည့် ဆုံးဖြတ်ချက်ချထားသောမည်သည့်ကျောင်းသားမဆို လျှောက်ထားနိုင်ကြောင်း၊ ပညာသင်ဆုရရှိပါက သမိုင်းဘာသာရပ်(သို့မဟုတ်) လူမှုရေးဘာသာရပ်များတွင် ဝိဇ္ဇာနှင့် မဟာဝိဇ္ဇာတန်းများတွင် တက်ရောက်ပညာသင်ကြားနိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်ကြောင်း သိရသည်။

အတတ်ပညာလက်ဆောင်သည် မိမိနှင့် တစ်သက်လုံးတည်ရှိနေမည်ဖြစ်ပြီး မိမိတို့စိတ်ကူးအိပ်မက်များ၏ အထွတ်အထိပ်ကို ပို့ဆောင်ပေးနိုင်ပါကြောင်း၊ ပညာရေးသည် ကမ္ဘာကြီးကို ပြောင်းလဲပစ်ရန် အသုံးပြုနိုင်သော အင်အားအကြီးဆုံး လက်နက်တစ်ခုဖြစ်သည်ဟူသည့် နယ်ဆင်မင်ဒဲလ်လား၏ ပြောစကားတစ်ခုဖြင့် ၎င်းက နမူနာပေးပြောကြားခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ✻

ကြေးမုံစာတည်းရှုထောင့် ၃-၁၂-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

# ယာဉ်ကြောပိတ်ဆို့မှုပြဿနာ

ယာဉ်ကြောပိတ်ဆို့မှုဖြစ်စဉ်သည် မရိုးနိုင်သောပြဿနာတစ်ရပ်ဖြစ်နေသည်။ အထူးသဖြင့် ရုံးဖွင့်ရက်နှင့် ကျောင်းတက်ရက်များဖြစ်သည်။ ယခင်က မြို့တွင်းလမ်းများမှာသာ ယာဉ်ကြောရှုပ်ထွေးပိတ်ဆို့မှုရှိနေတတ်ပြီး ယခု မြို့ဆင်ခြေဖုံးများတွင်ပါ ကားများပြည့်ကျပ်လျက်ရှိလာနေပါပြီ။

ခုနစ်သန်းကျော်သော ရန်ကုန်နေပြည်သူများ သွားရေးလာရေးတွင် ကား၊ ရထားများကို အားထားလျက်ရှိရာ အထူးသဖြင့် ကားများကိုအားကိုးအားထားပြုနေကြရသည်။ မြို့ပြ၏လိုအပ်ချက်အတိုင်း ကားများ တိုးပွားလာခဲ့သည်။ လမ်းများကိုချဲ့ထွင်ရာတွင် အခက်တွေ့လာရသည်။ တချို့လမ်းများဆိုလျှင် လမ်းချဲ့ခြင်းဖြင့် လူသွားလမ်းစင်္ကြံ ပလက်ဖောင်းပျောက်သွားသည့်အတွက် လမ်းဘေးရေမြောင်းအဖုံးပေါ်မှ သွားလာနေကြရသည်။

လူဦးရေအဆမတန်တိုးပွားလာနေမှု၊ တစ်နိုင်ငံလုံးရှိ ကားစီးရေ၏ ၈၀ ရာခိုင်နှုန်း ရန်ကုန်တွင် စုပြုံရှိနေမှုကို စနစ်တကျနှင့် မှန်မှန်ကန်ကန် အဆင်ပြေနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများဘက်ကလည်း ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေသည်။

လတ်တလောရေတိုစီမံချက်များတွင် လက်ရှိလမ်းများကို ချဲ့ထွင်ခြင်းအပြင် ခရီးသည်တင်ဘတ်စ်ကားများအတွက် မျဉ်းဝါများနှင့် သီးသန့်လမ်းကြောင်းသတ်မှတ်ပေးခြင်းများ ပြုလုပ်ပေးလာသည်။ သို့သော်လည်း စည်းကမ်းမလိုက်နာဘဲရှုပ်ထွေးမှုရှိနေဆဲ။ လစ်လျှင်လစ်သလို သူ့လမ်းကိုယ့်လမ်းမရှိ ကျော်တက်နေရာလု စည်းကမ်းမဲ့နေကြဆဲ။

ယခု ထိုပြဿနာကို ဖြေရှင်းနိုင်ဖို့ မျဉ်းဝါလိုင်းကြောင်းပေါ် ကွန်ကရစ်တုံးများချပေးကာ ဘတ်စ်ကားကြီးများအတွက် သီးသန့်လမ်းကို အခိုင်အမာလုပ်ပေးလာနေသည်။ သို့သော်လည်း တက္ကစီများ၊ ကိုယ်ပိုင်ကားများ မျဉ်းဝါယာဉ်ကြောတွင် တွေ့နေရဆဲ။ လမ်းလယ်မှ ကားများတိုးဝင်လာ၍မဟုတ်၊ လမ်းသွယ်များမှထွက်လာသော ကားများဝင်ပါလာခြင်းဖြစ်သည်။ မည်သို့ဆိုစေ ယခင်ကလောက် အရောရောအနှောနှောမရှိသလောက်ဖြစ်သွားပြီ။ သူ့လမ်းကိုယ့်လမ်းနှင့် ယာဉ်ကြောရှုပ်ထွေးမှုနည်းပါးသွားသည်ဟု ဆိုရမည်။ အရေးကြီးဆုံးအချက်မှာ ယာဉ်မောင်းများ စည်းကမ်းလိုက်နာမှု အားနည်းနေသေးခြင်းဖြစ်ပြီး မြို့ပြယာဉ်ကြောပိတ်ဆို့မှုတွင် အဓိကအားနည်းချက်များအနက် ခရီးသည်တင်ယာဉ်များ စည်းကမ်းမလိုက်နာမှုကလည်း တစ်ချက်အပါအဝင်ဖြစ်သည်။ မှတ်တိုင်မှာ အချိန်ကြာကြာရပ်တင်ခြင်း၊ မှတ်တိုင်မရှိ ခရီးသည်တားသည့်နေရာမှာ ရပ်တင်ခြင်းများရှိနေသမျှ ယာဉ်ကြောပိတ်ဆို့မှုရှိနေဦးမည်မှာ သေချာသည်။

အနော်ရထာလမ်းမှာ လမ်း(၃၀)မှတ်တိုင်မရှိတော့ပြီ။ သို့သော် ရှိနေခဲ့သည့်အချိန်ထက် ပိုဆိုးသွားသည်။ မှတ်တိုင်သီးသန့်ရှိနေတုန်းက တစ်နေရာသာ တင်/ချ၍ရနေသည်။ ယခုလမ်းတစ်လျှောက် ကောက်တင်သွားသည်။ ဤကဲ့သို့သောလုပ်ရပ်များ နေရာတိုင်းလိုလိုမှာ မြင်တွေ့နေရသေးသည်။

ယခုမြို့တွင်းမှာ ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ပန်းဆိုးတန်းကို ဗဟိုထားလျက် ထော်လီကွေ့၊ ပန်းဆိုးတန်း၊ ပုဇွန်တောင်-ပန်းဆိုးတန်းခရီးစဉ်ကို ရထားပြေးဆွဲနေပါပြီ။ RBE(A) နှင့် RBE(B) ကားရထားတွဲဆိုင်း နှစ်စင်းနှင့် အသွားအပြန်ပြေးဆွဲပေးလျက် မြို့တွင်းသွားပြည်သူများ အဆင်ပြေစေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဝိုင်းဝန်းကူညီပေးနေသည်။

ထို့အပြင် ရေရှည်စီမံကိန်းအဖြစ် ယာဉ်ကြောပိတ်ဆို့မှုလျှော့ချရန် ရန်ကုန်မြို့ပြင်ပတ်လမ်းကို စတင်စမ်းသပ်ဖောက်လုပ်နေပြီဟု သိရသည်။ မြို့ပတ်လမ်းဖောက်လုပ်မည့်နေရာများမှာ အမှတ်(၅)လမ်း၊ လှော်ကားလမ်း၊ ကမ်းနားလမ်း၊ စက်မှုလမ်းနှင့် လမ်းသစ်လမ်း စသည်တို့ဖြင့် မြို့တစ်ပတ်ပတ်လည်ဖြစ်သွားစေမည်။ ရှစ်လမ်းသွားဖြစ်ပြီး အရှည် ၉၆ ဒသမ ၀၃၉ ကီလိုမီတာရှိကြောင်း သိရသည်။ ၂၀၄၀ ရန်ကုန်မြို့ပြစီမံကိန်းအရ JICA ၏ နည်းပညာအကူအညီဖြင့် ဖောက်လုပ်မည့် ဤလမ်းသည် ၂၀၂၆ တွင် ပြီးမြောက်မည်ဟု သိရသည်။

ယာဉ်ကြောပိတ်ဆို့မှုကို နည်းမျိုးစုံဖြင့် ဖြေရှင်းဖို့ကြိုးစားလာနေကြသည်။ ရေတိုရေရှည်စီမံချက်များနှင့် ကြိုးစားနေကြသော်လည်း ဘတ်စ်ကားယာဉ်မောင်းများ စည်းကမ်းမလိုက်နာကြသမျှ အထူးသဖြင့် မှတ်တိုင်များတွင် "ရပ်၊ ချ၊ တင်၊ ထွက်"စနစ်ကို ဖောက်ဖျက်နေသမျှ၊ မီးပွိုင့်များ၊ လမ်းခရီးတားသည့်နေရာများတွင် လူတင်နေသမျှ ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ အနည်းနှင့်အများရှိနေဦးမှာ အသေအချာဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လာအိုနိုင်ငံနှစ်ပတ်လည်နေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၉)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၈၅၀၀ | - | ၆၅၉၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၈၅၀၀ | - | ၆၅၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၈၉၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၇၉. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၆. ၇၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၁. ၃၀၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉. ၃၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၅၇၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၆၇. ၀၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၂. ၆၉၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၀. ၆၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၈၅. ၇၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




## ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ လေ့လာရေးလုပ်ငန်းအစီအစဉ်များဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် UNDP ၏ မြန်မာနိုင်ငံဆိုင်ရာ Country Director ဖြစ်သူ Toily Kurbanov နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ လေ့လာရေးလုပ်ငန်းအစီအစဉ်များ (Local Governance Mapping) နှင့် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်ရေးဖိုရမ် (2015 Myanmar Good Governance Forum) ကျင်းပရေးနှင့်စပ်လျဉ်း၍ ကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






## ပြည်တွင်းရေးရာ

❖ ရှေ့ဖုံးမှ

ရရှိခဲ့သည့် အကျိုးရလဒ်အဖြစ် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံအတွက် စီမံကိန်းစတင်ထူထောင်နိုင်ရန် ပေးအပ်သည့်အကူအညီဖြစ်ပါကြောင်း၊ ဤစီမံကိန်းသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရန်နှင့် အမျိုးသားစွမ်းဆောင်ရည်မြင့်မားတိုးတက်ရေးဆောင်ရွက်နိုင်ရန် ရည်ရွယ်တည်ထောင်သည့် နိုင်ငံအတွက်အရေးပါသည့် စီမံကိန်းဖြစ်သောကြောင့် MDI တည်ထောင်ရေးတွင် အကူအညီပေးသည့် ကိုရီးယားနိုင်ငံအစိုးရနှင့် KDI တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ထို့အတူ ကျေးရွာသစ်လှုပ်ရှားမှု အကောင်အထည်ဖော်ရေးစီမံကိန်းသည်လည်း ကျေးလက်နှင့် မြို့ပြအကြား ဆင်းရဲချမ်းသာကွာဟမှုကို လျှော့နည်းအောင် အစိုးရ၏ဦးဆောင်မှု၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည့် ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံများကို ၂၀၁၂ ခုနှစ်က ကိုရီးယားနိုင်ငံခရီးစဉ်၌ မိမိတို့လေ့လာကြည့်ရှုခွင့်ရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ရန် ဆွေးနွေးညှိနှိုင်းစီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့၏ ညှိနှိုင်းအကူအညီတောင်းခံခဲ့မှုအပေါ် မြန်မာနိုင်ငံတွင် ကျေးရွာသစ်စီမံကိန်းအဖြစ် ကျေးရွာနှစ်ရွာ ယခင်က ကူညီခဲ့ပြီးဖြစ်သည့်အပြင် ယခုနောက်ထပ်ကျေးရွာ ၁၀၀ အတွက် စီမံကိန်းတိုးချဲ့ဆောင်ရွက်နိုင်ရန် အကူအညီပေးသည့် ကိုရီးယားအစိုးရ၏ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့်တကွ ကျေးရွာသစ်စီမံကိန်းဗျူရိုညွှန်ကြားရေးမှူးဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုခွန်တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတိုင်းအတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာတို့ မှန်ကန်ကောင်းမွန်စေရန်အတွက် လိုအပ်သည်များရရှိမည်ဖြစ်ပါကြောင်း၊ မှန်ကန်ကောင်းမွန်စေရန်အတွက် ပညာရှင်များ၏ လေ့လာသုတေသနပြုမှုများနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကြံပြုဆွေးနွေးချက်များ မရှိမဖြစ်လိုအပ်ပါကြောင်း။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်သည်တော်များ ခန်းမအတွင်း၌ပြသထားသော ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏သမိုင်းကြောင်းနှင့် ကျေးရွာသစ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုခွန်ထံ အမှတ်တရစပါးပန်းချီကားကို လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

မိမိတို့ အစိုးရစတင်တာဝန်ယူသည့် အချိန်မှစ၍ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒချမှတ်ခဲ့ရာတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုမူဝါဒဖြစ်သည့် ထောင်စုနှစ်ရည်မှန်းချက်များနှင့် အာဆီယံဒေသတွင်း ဖွံ့ဖြိုးမှုမူဝါဒများနှင့် ပေါင်းစပ်ပြီး အလုံးစုံပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းချမှတ်ခဲ့ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ဝင်ငွေနိမ့်ကျပြီး ဆင်းရဲနွမ်းပါးသည့်အခြေအနေမှ ဝင်ငွေအလယ်အလတ်အဆင့်ရောက်ရှိရေး၊ စိုက်ပျိုးရေးကို အရှိန်အဟုန်မပျက် တိုးတက်အောင်ဆောင်ရွက်လျက် စက်မှုလက်မှုအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ ပါဝင်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယင်းမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်၏ ရေတိုရေရှည် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများကို အဖွဲ့အစည်းတစ်ခုတည်းက တစိုက်မတ်မတ်လေ့လာသုတေသနပြုနိုင်သည့် အဖွဲ့အစည်းတစ်ရပ်ရှိမှသာလျှင် အစိုးရ၏မူဝါဒများ ပိုမိုခိုင်ခံ့ကောင်းမွန်စေမည်ဖြစ်ပြီး ကောင်းမွန်သောအုပ်ချုပ်မှုရှိကာ သန့်ရှင်းသောအစိုးရဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်းသည် မရှိမဖြစ်လိုအပ်သည့်အပြင် ရေရှည်မြော်တွေးပြီး ထူထောင်ရန်ဖြစ်ပါကြောင်း။

သုံးနှစ်တာကာလအလွန် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မှုစတင်စဉ်တွင် အစိုးရတာဝန်ယူစဉ်ကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ချပေးရမည့်လုပ်ငန်းနှင့် ပြည်သူတို့၏လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးဖြည့်ဆည်းပေးရန်ဟူ၍ လုပ်ငန်းတာဝန်(၂)ရပ် ခွဲခြားဆောင်ရွက်ရေး ပြောကြားခဲ့ပါကြောင်း။

ယနေ့ဖိုရမ်သည် ဤလုပ်ငန်းတာဝန်(၂)ရပ်ကို စီမံကိန်းအဖြစ်လက်တွေ့အကောင်အထည်ဖော်သွားနိုင်ရန် စီစဉ်ခြင်းဖြစ်ပါကြောင်း၊ မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း တည်ထောင်ရေးစီမံကိန်းသည် ယခင်မူဝါဒချမှတ်ခဲ့ပြီးဖြစ်သည့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်နှင့်အညီ ရေးဆွဲလျက်ရှိသည့် နှစ်(၂၀) နှစ်ရှည်အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် လက်တွေ့ဆက်လက်အကောင်အထည်ဖော်ရာတွင် မူဝါဒနှင့် ဦးစားပေးလုပ်ငန်းများ မှန်ကန်ရေးအပြင် နိုင်ငံတော်၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းချမှတ်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ကျေးရွာသစ်လှုပ်ရှားမှု အကောင်အထည်ဖော်ရေးစီမံကိန်းသည် မိမိတို့လက်ရှိဆောင်ရွက်နေသည့် ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်ခြင်းဖြစ်သည့်အပြင် မိမိတို့အစိုးရ၏တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းများ၏ အရှိန်အဟုန်မြင့်မားအောင် အားဖြည့်ပေးသည့် စီမံကိန်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း ကျေးလက်နေပြည်သူအများစုသည် ဆင်းရဲနွမ်းပါးကြသူများဖြစ်သည့်အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို မိမိတို့အစိုးရ၏ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ပြီး တောင်သူလယ်သမားများ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုသာမက အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို အလေးထားပြီး ဆောင်ရွက်မှုကြောင့် တိုးတက်သင့်သလောက်တိုးတက်လာသော်လည်း လုပ်ငန်းပမာဏကြီးမားသည့်အတွက် ရေတိုရေရှည်အစီအမံများနှင့် နှစ်အလိုက်အချိန်ယူကာ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကိုရီးယားနိုင်ငံ၏ ကျေးရွာသစ်စီမံကိန်းကို လေ့လာကြည့်လျှင် ကျေးရွာဦးဆောင်သူများနှင့် ကျေးရွာဖွံ့ဖြိုးရေး စိတ်ပါဝင်စားသူလူငယ်များထဲမှ ကျေးရွာခေါင်းဆောင်ရွေးချယ်ပြီး ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ကျေးရွာအဖွဲ့အစည်း၏ ဝါယမစိုက်ထုတ်ကြိုးပမ်းမှုများအပေါ် အောင်မြင်မှုရှိသည့်ကျေးရွာကို အစိုးရက ထပ်မံပံ့ပိုးကူညီသွားသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများအပေါ်တွင်သာ မှီခိုခြင်းမပြုဘဲ မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝါယမစိုက်ထုတ်ကြိုးစားလုပ်ကိုင်မှုသည်သာ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာအဖြစ် ရောက်ရှိနိုင်သည်ကို အနှစ်သာရအဖြစ် တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း။

အလုပ်လုပ်သော၊ ကြိုးစားသော ကျေးရွာများကိုရွေးချယ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ပေးခြင်းဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း ကျေးရွာကို ဦးဆောင်နိုင်သည့် လူငယ်လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စုပေါင်းလုပ်ဆောင်တတ်သည့် အဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ကျေးရွာများကလည်း ကိုရီးယားနိုင်ငံနှင့် အခြားမိတ်ဖက်နိုင်ငံများ၏ အတွေ့အကြုံကောင်းများရယူပြီး မိမိနိုင်ငံ၊ မိမိမြို့နယ်/ကျေးရွာများကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းထူထောင်မည့် စီမံကိန်းကို ကြည့်မည်ဆိုလျှင် သို့မဟုတ် ကျေးရွာသစ်စီမံကိန်းကို ကြည့်မည်ဆိုလျှင် လူ့စွမ်းအားအရင်းအမြစ်၏ စွမ်းဆောင်ရည်ကောင်းလျှင် ကောင်းသကဲ့သို့ တိုးတက်နှုန်းမြန်ဆန်မြင့်မားသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ မူဝါဒမည်သို့ ကောင်းမွန်နေသည်ဖြစ်စေ၊ လူ့စွမ်းအားအရင်းအမြစ်၏ စွမ်းဆောင်ရည်အားနည်းနေလျှင် အောင်မြင်မှုရအောင် အချိန်ယူရသည်ကို သိရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သုတေသနအခြေပြုသည့် အဆင့်မြင့်ပညာအပြင် နည်းပညာကျွမ်းကျင်မှု အသက်မွေးဝမ်းကျောင်းပညာများနှင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်အထိ ရည်မှန်းလုပ်ဆောင်လျက်ရှိသည့် ဖွံ့ဖြိုးမှုအစီအစဉ်များအပြင် ၂၀၁၅ ခုနှစ်အလွန် အမျိုးသားဖွံ့ဖြိုးမှုအစီအစဉ်အတွက် ယခုကတည်းက အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ပြည်သူများပူးပေါင်းလျက် ကြိုတင်ပြင်ဆင်ပြီး အနာဂတ်အတွက် အခြေခံအုတ်မြစ်ချမှတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

ရေရှည်အတွက် ကြိုတင်ပြင်ဆင်နိုင်အောင် မိမိတို့အစိုးရအနေဖြင့် အစိုးရမူဝါဒများ၊ ဖွံ့ဖြိုးမှုမဟာဗျူဟာများအတွက် ဖွံ့ဖြိုးမှုအဖွဲ့အစည်းကို အခြေခံအုတ်မြစ်ချ ဖွဲ့စည်းဆောင်ရွက်သကဲ့သို့ ပုဂ္ဂလိကကဏ္ဍအပါအဝင် ဖွံ့ဖြိုးမှုကဏ္ဍအသီးသီး၏ သုတေသနလုပ်ငန်းများနှင့် အဆင့်မြင့်ပညာရေး သုတေသနလုပ်ငန်းများအတွက် အသိပညာရှင်/ အတတ်ပညာရှင်များနှင့် သုတေသနကျွမ်းကျင်သူများ ပေါင်းစည်းလျက် ဘက်စုံအလုံးစုံဖွံ့ဖြိုးမှုရအောင် မျှော်မှန်းပြီး အမျိုးသားသုတေသနအဖွဲ့အစည်းကြီးတစ်ရပ် ထူထောင်နိုင်အောင် နိုင်ငံတော်က အားပေးကူညီသွားမည်ဖြစ်ပါကြောင်း။

အနာဂတ်ဖွံ့ဖြိုးမှုအတွက် ယနေ့ လက်တွေ့ပူးပေါင်းပုံဖော်လုပ်ဆောင်ခြင်းသည် သယံဇာတအရင်းအမြစ် ကုန်ကြမ်းအခြေပြုစီးပွားရေးအပေါ် အမှီပြုနေသည့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် ပညာအခြေပြုစီးပွားရေးအခြေအနေသို့ ကူးပြောင်းနိုင်ရန် တီထွင်ကြံဆသုတေသနပြုမှုစာမျက်နှာသစ် ဖွင့်လှစ်ပေးလိုက်ခြင်းကြောင့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တီထွင်ကြံဆသုသေတနပြုမှုကို ဦးစားပေးတော့မည့် အဆင့်မြင့်ပညာရေးအတွက် အားသစ်မာန်သစ်များ ရရှိစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံဆဲလ်မားအူး အွန်ဒုံစံပြကျေးရွာထူထောင်ခြင်းစီမံကိန်းအကြောင်း ရှင်းလင်းပြောကြားပြီး ဗီဒီယိုပြကွက်များဖြင့် တင်ပြသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အီဘတ်ဆွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုခွန်က ကိုရီးယားနိုင်ငံ၏ ဆဲလ်မားအူး အွန်ဒုံစံပြကျေးရွာထူထောင်ခြင်းအကြောင်းကိုလည်းကောင်း၊ UNDP ၏ ဌာနေကိုယ်စားလှယ် မစ္စတာ တိုလီ ကွာဘန်နော့က ကိုရီးယားသမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုခွန်ထံ အမှတ်တရ စပါးပန်းချီကားကို လက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ပြသထားသော ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ သမိုင်းကြောင်းနှင့် ကျေးရွာသစ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**

# တန်ဖိုးမြှင့်စိုက်ပျိုးရေးထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဆွေးနွေး



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာယိုအန်ဘူးရ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗန်ကောက်မြို့အခြေစိုက် နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာယိုအန်ဘူးရ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မြစ်ကြောင်းထိန်းသိမ်းရေး၊ ရေချိုထိန်းသိမ်းရေးလုပ်ငန်းများနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အကူအညီပေးရေးဆိုင်ရာများ၊ တန်ဖိုးမြှင့်စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ရေသယံဇာတစီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအရည်အချင်းစစ်စာမေးပွဲအတွက် ကြို/ပို့ယာဉ်များ အခမဲ့ပြေးဆွဲမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲကို ၆-၁၂-၂၀၁၄ ရက်မှ ၁၂-၁၂-၂၀၁၄ ရက်အတွင်း မြို့ကြီး ခြောက်မြို့ရှိ စာစစ်ဌာန ၁၀ ခုတွင် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ကျင်းပမည်ဖြစ်ပြီး Aptis Test ဖြေဆိုနည်းကို နံနက် ၈ နာရီခွဲတွင် ရှင်းပြပေးမည်ဖြစ်သည်။ စာစစ်ဌာနပြောင်းလဲဖြေဆိုခွင့်ရရှိသူများအပါအဝင် စာဖြေသူများ၏ အမည်၊ ခုံအမှတ်၊ စာစစ်ဌာန၊ ဖြေဆိုရမည့်နေ့ရက်တို့ကို ပညာရေးဝန်ကြီးဌာန Website ဖြစ်သော www.myanmar-education.edu.mm နှင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တို့တွင် ထုတ်ပြန်ကြေညာထားသည်။

ဖြေဆိုသူများ စာစစ်ဌာနများသို့ သွားလာရေးအဆင်ပြေစေရေးအတွက် စာမေးပွဲဖြေဆိုသောနေ့ရက်များတွင် စာစစ်ဌာနတည်ရှိရာ မြို့ကြီးများ၌ အောက်ဖော်ပြပါ စုရပ်နေရာများမှ သတ်မှတ်ချိန်တွင် ကြို/ပို့ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည် -

| စဉ် | မြို့ | စာစစ်ဌာန | စုရပ်နေရာ | ထွက်ခွာချိန် |
|---|---|---|---|---|
| ၁ | ရန်ကုန် | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ရွှေပြည်သာ) | နေထိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးများသို့ ၄-၁၂-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးရန် | - |
| | | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ) | | - |
| | | အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ် | | - |
| ၂ | မန္တလေး | မန္တလေးတက္ကသိုလ် | ဗထူးကွင်းရှေ့ | ၀၇း၃၀ |
| | | မန္တလေးကွန်ပျူတာတက္ကသိုလ် (ဒဟတ်တော) | ဗထူးကွင်းရှေ့ | ၀၆း၃၀ |
| | | ကွန်ပျူတာတက္ကသိုလ် (မန္တလေး) (တအုံ) | ဗထူးကွင်းရှေ့ | ၀၆း၃၀ |
| ၃ | မော်လမြိုင် | မော်လမြိုင်တက္ကသိုလ် | မောရဝတီမုခ်ဦးရှေ့ | ၀၇း၃၀ |
| | | | အထက(၆)မုခ်ဦးရှေ့ | ၀၇း၃၀ |
| ၄ | မကွေး | ကွန်ပျူတာတက္ကသိုလ်(မကွေး) | အဝေရာလမ်းနှင့် ပြည်တော်သာလမ်းထောင့် | ၀၇း၀၀ |
| | | | ဝင်းသူဇာဆိုင်ရှေ့၊ ဗိုလ်ချုပ်လမ်းနှင့် ပြည်တော်သာလမ်းထောင့် | ၀၇း၃၀ |
| ၅ | မုံရွာ | ကွန်ပျူတာတက္ကသိုလ်(မုံရွာ) | မုံရွာတက္ကသိုလ်ရှေ့ | ၀၇း၀၀ |
| ၆ | တောင်ကြီး | ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) | ကမ္ဘောဇဘဏ်ရှေ့ | ၀၇း၃၀ |



# မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ လုပ်ငန်းညှိနှိုင်း

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ် စိန်ရတုအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**


လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနား၌ မြန်မာနိုင်ငံကင်းထောက်လူငယ်မောင်မယ်များ ပါဝင်ချီတက်အလေးပြုရေး၊ ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း နေပြည်တော်တွင် ဂျပန်နိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့ဝင်များစခန်းသွင်းလေ့ကျင့်ခြင်းများ ဆောင်ရွက်ရေး၊ တက္ကသိုလ်များတွင် ယခုပညာသင်နှစ်အတွင်းမှစ၍ တက္ကသိုလ်အလိုက် ကင်းထောက်အဖွဲ့များ စတင်ဖွဲ့စည်းရေးတို့ကို ကဏ္ဍအလိုက်၊ သက်ဆိုင်ရာအပိုင်းအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

ယနေ့ကျင်းပသည့် ကင်းထောက်အဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့(ယာယီ)ဥက္ကဋ္ဌ ဦးတင်ညို နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ကင်းထောက်ကြီးများ၊ အမျိုးသမီး ကင်းထောက်ချုပ် ဒေါ်တင်လှကြည်၊ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် အမျိုးသမီးကင်းထောက်ကြီးများ၊ ကင်းထောက်လူငယ်မောင်မယ်များနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခင်ချိုဝင်း)**

သွေးသည် အသက်




**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**စက်သုံးဆီ(ပရီမီယံဒီဇယ်)အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများရှိ ယာဉ်/ယန္တရားများ အသုံးပြုရန်အတွက် ပရီမီယံဒီဇယ်ဆီ(၅၀၀၀၀) (ငါးသောင်းဂါလန်)အား အိတ်ဖွင့်တင်ဒါ(Open Tender) ဖြင့် တင်သွင်းနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရက် - ၃-၁၂-၂၀၁၄ရက်မှ ၉-၁၂-၂၀၁၄ရက်ထိ
(ခ) အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် - ၉-၁၂-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀နာရီ
(ဂ) အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ - ၉-၁၂-၂၀၁၄ ရက် ၁၃း၀၀ နာရီ အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှတ်ချက်။ တင်ဒါတင်သွင်းသူများ တက်ရောက်ပါရန်။

၂။ တင်ဒါတင်သွင်းမည့်စက်သုံးဆီနှင့်ပတ်သက်၍ အရည်အသွေးစစ်ဆေးပြီးကြောင်း လက်မှတ်ယူဆောင်လာရပါမည်။

၃။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန အမှတ်(၆၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၁၁၃၈၀၃**



ပြည်တွင်းရေးရာ



# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နယ်သာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာယိုအန်ဘူးရ်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဒုတိယဝန်ကြီးများဖြစ်သည့် ဦးဘုန်းဆွေ၊ ဒေါ်စုစုလှိုင်တို့နှင့်အတူ ဒီဇင်ဘာ ၂ ရက် နံနက် ၁၀နာရီတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration-IOM)မှ သံအမတ်ကြီးနှင့်ညွှန်ကြားရေးမှူးချုပ် Mr. William Lacy Swing တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး ဝန်ကြီးဌာနမှ လူကုန်ကူးခံရသူများကို ပြန်လည်ပို့ဆောင်ခြင်း၊ နေရပ်ပြန်ပို့ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးနေမှုလုပ်ငန်းများ၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းရရှိနိုင်အောင် ကူညီပေးနေမှုများ၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ စီမံလုပ်ငန်း ဆောင်ရွက်မှုအစီအစဉ်များ၊ ရန်ကုန်မြို့၌ သတင်းချက်လက်များ မျှဝေရေးစင်တာ ဖွင့်လှစ်ဆောင်ရွက်နေမှုများ၊ ဖြစ်ရပ်စီမံခန့်ခွဲရေးအစည်းအဝေးများနှင့် လေ့လာရေးခရီးစဉ်များ၊ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ၊ ဟသ်ာတမြို့နယ်တွင် ဖွင့်လှစ်မည့် သဘာဝဘေးစီမံခန့်ခွဲမှု သင်တန်းကျောင်းအတွက် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊ နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အလှူငွေနှင့်စာအုပ်စာစောင်လှူဒါန်းပွဲ ကျင်းပမည်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ စာကြည့်တိုက်များ ထောက်ပံ့ကူညီနိုင်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ အလှူငွေနှင့်စာအုပ်စာစောင် လှူဒါန်းပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းလိုကြသော စေတနာရှင် ပြည်သူများသည် အောက်ပါလိပ်စာသို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(၁) **ညွှန်ကြားရေးမှူး(ထုတ်လုပ်)**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ဖုန်း-၀၁-၃၇၁၃၄၂၊ ၂၀၁၉၃၆**

(၂) **မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း**
**ဖုန်း-၀၁-၃၉၈၇၅၆**

# (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး။

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး။

☆ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

**❂ မြန်မာနိုင်ငံမှ**

ရည်မှန်းချက်တွေပြည့်မီဖို့ သတ်မှတ်ထားတဲ့ ၂၀၁၅ ခုနှစ် နီးကပ်လာပြီဖြစ်တဲ့အတွက် ဘာသာပေါင်းစုံ အမျိုးသမီးများကွန်ရက်ဟာ အမျိုးသမီးတွေရဲ့ ရပိုင်ခွင့်တွေကို ပိုမိုသိရှိလာစေမယ့် အသိပညာပေးတဲ့ လုပ်ငန်းတွေနဲ့ ဆင်းရဲမွဲတေမှု လျှော့ချရာမှာ အထောက်အကူဖြစ်စေမယ့် အမျိုးသမီးတွေကို လုပ်ပိုင်ခွင့်ပိုမိုအပ်နှင်းပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ တွဲဖက်စေ့စပ်ညှိနှိုင်းရေးမှူး သီလရှင်ဆရာကြီး ကိုရှိုနီဝါနိုက “ဒီကမ္ဘာပေါ်မှာရှိတဲ့ အမျိုးသား၊ အမျိုးသမီးတွေအားလုံးဟာ မိခင်တွေက မွေးဖွားပေးခဲ့ကြတာပါ။ ဒါကြောင့် ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုတွေမှာ ဘာသာအသီးသီးက အမျိုးသား၊ အမျိုးသမီးတွေအားလုံးဟာ မိခင်တွေရဲ့ နှလုံးသား၊ အကြွင်းမဲ့တဲ့ချစ်ခြင်းမေတ္တာ၊ ကရုဏာတရား၊ ခွင့်လွှတ်မှုနဲ့ ဖွဲ့သန်မှုဆိုတဲ့ သူတော်ကောင်းတရားတွေကို ခံယူကျင့်သုံးသင့်လှပါတယ်”ဟု ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဘုန်းတော်ကြီး ကျိုအိချိဆူဂီနိုက “ဘာသာပေါင်းစုံပူးပေါင်းဆောင်ရွက်မှုဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ခိုင်မြဲသော ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု ယန္တရားတစ်ခုအား ဖန်တီးဖော်ဆောင်ရာတွင် ညီညွတ်စွာ လက်တွဲဆောင်ရွက်ခဲ့ကြသော အမျိုးသမီးဘာသာရေးခေါင်းဆောင်များအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံမှာ ဘာသာပေါင်းစုံပါဝင်တဲ့ ဒီသမိုင်းဝင်လုပ်ငန်း ယန္တရားဟာ ပဋိပက္ခတွေကို တည်ငြိမ်တဲ့ အခြေအနေသို့ အသွင်ကူးပြောင်းရေးနဲ့ ငြိမ်းချမ်းမှုတည်ဆောက်ရေး လုပ်ငန်းတွေမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်မယ့် လက်တွေ့လုပ်ဆောင်မှုတွေကို ဦးတည်ဖောင်းပေးတဲ့ မိတ်ဖက်ပြုမှုတွေကို ဒေသခံနဲ့အပြည်ပြည်ဆိုင်ရာ မိတ်ဖက်တွေကြားမှာ ရှေ့ဆက်တိုးတက်ဖြစ်ပေါ်စေပါလိမ့်မယ်”ဟု ပြောကြားသည်။

ယင်းနောက် ဘာသာပေါင်းစုံ အမျိုးသမီးများကွန်ရက် ဥက္ကဋ္ဌ၊ ယခင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီဥက္ကဋ္ဌဖြစ်သူ ဒေါ်ယဉ်ယဉ်မော်က “မြန်မာနိုင်ငံမှာ အသစ်ဖွဲ့စည်းလိုက်တဲ့ ပထမဆုံး ဘာသာပေါင်းစုံ အမျိုးသမီးများကွန်ရက်ဖြစ်တာနဲ့အညီ RFP-M WOFN ဟာ အမျိုးသမီးတွေရဲ့ ရပိုင်ခွင့်ဆိုင်ရာ၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးဖို့အတွက် စိတ်ကူးကောင်း၊ အစီအစဉ်ကောင်းတွေ ရှိနေပြီး UN Women နဲ့ ရှိနှင့်ပြီးဖြစ်တဲ့ အမျိုးသမီးအရေး တက်ကြွစွာဆောင်ရွက်သူ အုပ်စုတွေနဲ့ပူးပေါင်းပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

RFP-M အမျိုးသမီးများကွန်ရက်ရဲ့ မဟာဗျူဟာကျတဲ့ ရည်မှန်းချက်တွေမှာ (၁) အမျိုးသမီးတွေကို လုပ်ပိုင်ခွင့်အပ်နှင်းခြင်းနဲ့ ခွဲခြားဆက်ဆံမှုများ ပပျောက်စေခြင်း၊ (၂) ဘာသာပေါင်းစုံအမျိုးသမီးများကွန်ရက်ရဲ့ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတို့ပါဝင်ပါတယ်။ ဘာသာပေါင်းစုံအမျိုးသမီးများ ကွန်ရက်ရဲ့ ရှေ့လုပ်ငန်းစဉ်တွေမှာလည်း အမျိုးသမီးတွေအတွက် ဖွံ့ဖြိုးတိုးတက်မှု၊ ဘာသာပေါင်းစုံ ဆုတောင်းဝတ်ပြုပွဲတွေ၊ အမျိုးသမီးတွေနဲ့ စီးပွားရေးလုပ်ငန်းအစီအစဉ်၊ ဆင်းရဲမွဲတေမှု လျှော့ချရေးဆိုင်ရာ အသိပညာမြှင့်တင်ပေးခြင်းတို့ ပါဝင်မှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အဓိကဘာသာကြီးလေးရပ်မှ ဘာသာရေးခေါင်းဆောင်များ၊ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအမျိုးသမီးများ ကွန်ရက်အဖွဲ့မှ အရာရှိများနှင့်အဖွဲ့ဝင်များ၊ UN Women၊ အမျိုးသမီးရေးကိစ္စများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသော အုပ်စုများနှင့် ဘာသာရေးအခြေပြုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ တွဲဖက်စေ့စပ်ညှိနှိုင်းရေးမှူး ဂျပန်နိုင်ငံမှ သီလရှင်ဆရာကြီး ကိုရှိုနီဝါနိုနှင့် အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် နယူးယောက်မှဘုန်းတော်ကြီး ကျိုအိချိဆူဂီနို အပါအဝင် နိုင်ငံတကာမှ ဧည့်သည်တော်များလည်း တက်ရောက်ခဲ့ကြသည်။ **(ခင်ချိုဝင်း)**


## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့်ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

နိုဝင်ဘာလအတွင်း ပါရဂူဘွဲ့နှင့် ဒီပလိုမာသင်တန်းသို့ ပညာသင် သုံးဦးနှင့် ဘွဲ့မယူသောသင်တန်း (Training)သို့ ပညာသင် ၃၈၆ ဦး စုစုပေါင်း ပညာသင် ၃၈၉ ဦးကို ပြည်ပနိုင်ငံ ၁၈ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ နိုဝင်ဘာလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံများသို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**


**ရွှေထိပ်တန်း**
ကျိုက်ထီးရိုး (နေ့စဉ်) ခေါင်းသာ (နေ့စဉ်) ငွေဆောင် (သောကြာ) စီးလုံးငှား လက်ခံသည်
01-701015, 09-5403844
01-710436, 09-5044830
အဆင့်မြင့်ပြင်ဆင်ပြီး
တိုက်ခန်း-ပထမထပ်
ရောင်းမည်။စမ်းချောင်း။
Ph:၀၉၇၉၉၉၂၇၀၅၂

ဆောင်းပါး

# သတင်းနှင့်စာပေ အသက်ရှည်

ဦးဟန်ညွန့်(ဥပဒေ)

**စနေ၊ တနင်္ဂနွေ**

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေ နေပြည်တော်မှ ရန်ကုန်သို့ဆင်းရမည်။ ပွဲနှစ်ပွဲရှိသည်။ ရန်ကုန်မြို့တော်ခန်းမမှာဖြစ်သည်။ စနေနေ့မှာ သတင်းပွဲ။ တနင်္ဂနွေနေ့မှာ စာပေပွဲ။ သတင်းပွဲဆိုသည်မှာ သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲ။ စာပေပွဲဆိုသည်မှာ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ။ ပွဲနှစ်ပွဲစလုံးသို့ အားခဲ၍တက်ခဲ့သည်။

**ပထမအကြိမ်**

သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲသည် ပထမအကြိမ်ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီးက သဝဏ်လွှာပေးပို့သည်။ ဒီမိုကရေစီနှင့်လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်မှာ ဒင်္ဂါးပြားကဲ့သို့ပင် "ခေါင်းနှင့်ပန်း" ဖြစ်ကြောင်း ဖော်ပြပေးသည်။ အလှူငွေများလည်း ထောက်ပံ့သည်။ ပြည်ထောင်စုလွှတ်တော်နာယကအပါအဝင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဝန်ကြီးများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်ကြီးများ၊ သတင်းနှင့်စာပေချစ်သူများက အလှူငွေများ၊ ပစ္စည်းများ လှူဒါန်းကြသည်။

**အသက် (၇၅) နှစ်အထက် သတင်းပညာရှင်များ**

အသက်(၇၅)နှစ်အထက် သက်ကြီးသတင်းစာပညာရှင် ၅၇ ဦး ထိုနေ့ကတက်ရောက်သည်။ အချို့ကျန်းမာရေးအရ မလာရောက်နိုင်။ အိပ်ရာထဲလဲနေသည်။ စိတ်ရောက်နေသော်လည်း ခန္ဓာကိုယ်က မလာရောက်နိုင်။ အခမ်းအနားပြီးမှ အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ရန် စီစဉ်ထားသည်။အသက်ကြီးကြပြီ။ အတွေ့အကြုံတွေစုံလှပြီ။ ကျန်းမာရေးက အဓိက။ ဘိုးသက်ရှည်၊ ဘွားသက်ရှည်တွေကို လူငယ်များပူဇော်ခွင့် ကန်တော့ခွင့်ရသည်မှာ ကံကောင်းသည်။

**သတင်းသမိုင်း အခြေခံ**

မြန်မာနိုင်ငံ မြန်မာသတင်းစာသမိုင်းအခြေခံကို ဆရာကြီး ဖိုးသောကြာ(ခေတ်+မိုး)က ထိုနေ့က ပြောပြသည်။ တက္ကသိုလ်မြတ်သူ၊ ကိုကိုကြီး(ဟန်ဂေရီ)၊ အထောက်တော်စိန်ထွန်းအောင်၊ သတင်းထောက်ခင်မောင်ညွန့်တို့ကလည်း ရင်ဖွင့်ပြသည်။ အချိန်ကနည်း၊ ပြောစရာတွေကများ မှတ်သား၍မကုန်။ စုစုစည်းစည်းသမိုင်းစာအုပ်ရေးထုတ်ကြရဦးမည်။ ထဲထဲဝင်ဝင်သီးသီးခြားခြားရေးသားကြရဦးမည်။ ပွဲမတက်နိုင်သော်ငြား၊ ကျန်ရှိသူများ မကျန်ရစ်ဖို့၊ စုံစုံလင်လင်ကမ္ပည်းတင်ဖို့ ကြိုးပမ်းကြရဦးမည်။ နောင်လာနောက်သားများအတွက် သမိုင်းအမွေ ဖြစ်တန်ချေသည်။

**NEWS LETTER**

သတင်းပွဲမှာဖြန့်ဝေသော News Letter တွင် ကန်တော့ခံ သက်ကြီးသတင်းစာပညာရှင်ကြီးများ၏ ဓာတ်ပုံများ ဖော်ပြထားသည်။ အထူးသဖြင့် သမိုင်းဝင်သတင်းစာဆရာကြီးများ၏ ပန်းချီဓာတ်ပုံနှင့် ကိုယ်ရေးအကျဉ်းကိုဖော်ပြနိုင်ခြင်းမှာ ဂုဏ်ယူထိုက်လှသည်။ အတွေ့အကြုံနုနယ်လှသော သတင်းထောက်ပေါက်စများအတွက် ထပ်မံလက်ဆင့်ကမ်းပါရစေ။ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဦးဖေသိန်း (ရွှေဥဒေါင်း) (၁၈၈၉-၁၉၇၃)
(၂) ဦးထွန်းဖေ (ထွန်းနေ့စဉ် ဦးထွန်းဖေ) (၁၉၀၀-၁၉၇၄)
(၃) ဦးလှ (လူထုဦးလှ) (၁၉၁၀-၁၉၈၂)
(၄) ဦးသိန်း (ဇဝန) (၁၉၁၁-၁၉၈၃)
(၅) ဂျာနယ်ကျော်ဦးချစ်မောင် (မြန်မာနှစ်- ၁၂၇၃-၁၃၀၇)
(၆) ဦးသိန်းဖေ (သိန်းဖေမြင့်) (၁၉၁၄-၁၉၇၈)
(၇) အိုးဝေဦးညိုမြ (၁၉၁၄-၁၉၈၅)
(၈) ဦးစိန်ဝင်း (ဂါးဒီးယန်း ဦးစိန်ဝင်း) (၁၉၂၂-၂၀၁၃)
(၉) ကြေးမုံဦးသောင်း (၁၉၂၆-၂၀၀၈)
(၁၀) ဟံသာဝတီ ဦးဝင်းတင် (၁၉၃၀-၂၀၁၃)
(၁၁) ဦးလှအောင် (အထောက်တော်လှအောင်) (၁၉၃၆-၁၉၉၂)
(၁၂) ဦးစိုးသိမ်း (မောင်ဝံသ) (၁၉၄၅-၂၀၁၃)

ပြက္ခဒိန်အတွက် ပေးနိုင်သမျှစာမျက်နှာအင်အားကြောင့် ၁၂ ဦးမျှသာဖော်ပြဟန်တူသည်။ များစွာကျန်ဦးမည်။ ဆက်လက်လေ့လာဖတ်ရှုစရာတွေ လေ့လာနိုင်ပေသည်။

**စာပေပညာရှင်များ**

ဒုတိယနေ့ကျင်းပသော "စာပေပွဲ"တွင် သက်ကြီးစာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိအကျဉ်းစာအုပ်ဝေငှသည်။ စာဖွဲ့စည်းမှုမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၏ သဝဏ်လွှာ
၂။ စာဆိုတော်နေ့ သမိုင်းအကျဉ်း
၃။ ကန်တော့ပွဲအစဉ်အလာ
၄။ ၁၃၇၆ ခုနှစ် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်း
၅။ ၁၃၇၆ ခုနှစ် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများ အသစ်တိုးစာရင်း
၆။ ၁၃၇၅ ခုနှစ် ကန်တော့ခံစာပေပညာရှင်ကြီးများ အနက် ကွယ်လွန်သူများစာရင်း
၇။ ၁၃၇၆ ခုနှစ် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲအတွက် လှူဒါန်းသည့် အလှူရှင်များစာရင်း

(နှစ်စဉ်ကန်တော့ပွဲနေ့ လက်ကမ်းကြော်ငြာကို သီးခြားဖြန့်ဝေပါသည်)

**စာဆိုတော်နေ့ သမိုင်းအကျဉ်း**

စာဆိုတော်နေ့သမိုင်းအကျဉ်း ဖော်ပြထားသည်။ ထို့ပြင် စာရေးဆရာကြီးများ၏ မှတ်သားဖွယ်ရာ အဆိုအမိန့်အချို့ကိုလည်း ဖော်ပြပေးသည်။

ဥပမာအားဖြင့် -

(က) "စာအုပ်စင်နှင့် ကျွန်တော်"မှ ဆရာကြီးဇော်ဂျီ၏ "ရသစာပေကောင်းကို ဖတ်ရလျှင်"
(ခ) "စာအုပ်နှင့်လူသား" ဆောင်းပါးမှ ဆရာကြီးဇေယျ၏ "စာအုပ်ဆိုကာမျှဖြင့်"
(ဂ) "စာရေးဆရာကြီး တိုက်စိုး" ၏ "ကြည်နူးနှစ်သက်မှုအတွက် စာဖတ်ခြင်းအကြောင်း"တို့ဖြစ်ကြသည်။ စာပေချစ်သူများအတွက် မှတ်သားဖွယ်။

**သိန်းဖေမြင့်၏ အမျိုးသားစာပေ**

စာရေးဆရာ၊ သတင်းစာဆရာကြီးဖြစ်သော "ဦးသိန်းဖေမြင့်" ၏ အမျိုးသားစာပေဆိုင်ရာခံယူချက်ကို ဝေငှသည့် စာအုပ်မျက်နှာဖုံးတွင် အောက်ပါအတိုင်းဖော်ပြသည်။ "ကျွန်တော်တို့ရဲ့ အတိတ်စာပေနဲ့ ကင်းကွာပြီး ပစ္စုပ္ပန်စာပေ မတည်ဆောက်နိုင်ပါဘူး။ ဒီတော့ ယနေ့စာရေးဆရာဖြစ်နေတဲ့သူရော စာရေးဆရာဖြစ်ဖို့ ကြိုးစားနေတဲ့သူပါ ရှေးစာဆိုကြီးများထားခဲ့တဲ့ အမွေအနှစ်တွေကို တတ်နိုင်သလောက် လေ့လာကြရလိမ့်မည်။ ယနေ့ကျွန်တော်တို့ပြုစုတဲ့စာပေဟာ အတိတ်ကိုသိပြီး အတိတ်မှာအမြစ်တွယ်ပြီး တိုးတက်ထွန်းကားလာတဲ့ စာပေသာဖြစ်ရမယ်။ ဒါမှ အမျိုးသားပုံသဏ္ဌာန်ရှိတဲ့ စာပေ၊ အမျိုးသားယဉ်ကျေးမှုထဲဝင်မယ့် စာပေဖြစ်မယ်" (စာပေဂျာနယ် အတွဲ-၂၊ အမှတ်-၄၊ ၁၉၉၄၊ ဒီဇင်ဘာ)

**မတ်တတ်ရပ်မပြပါနှင့်**

မရေးမဖြစ်သည့် အကြောင်းကလေးတင်ပြပါရစေ။ သတင်းပွဲမှာရော စာပေပွဲမှာပါ ကန်တော့ခံသက်ကြီးသတင်းစာဆရာ၊ စာရေးဆရာကြီးများကို အခမ်းအနားမှူးက ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ "အသက် ၉၀ ကျော် ဆရာကြီးများဖြစ်ပါ၍ မတ်တတ်ရပ်မပြပါနှင့်" ဟု အခမ်းအနားမှူးက မေတ္တာရပ်ခံသည်။ သို့သော် ဆရာကြီးများက အားမရ။ မိမိကိုယ်မိမိ မတ်တတ်ရပ်ပြသည်။ အစ်ကိုလေး (ဗိုလ်ကလေးတင့်အောင်)အလှည့်ရောက်တော့ အစ်ကိုလေးက မတ်တတ်ရပ်ပြပြန်သည်။ တော်တော်နှင့် မရပ်နိုင်။ ဘေးကလူတွေက ဝင်ကူမှ၊ ဝင်ထူမှ ရပ်နိုင်တော့သည်။ အသက်က (၉၂)နှစ်ရှိနေပြီ။ "အစ်ကိုလေးထိုင်နေပါ။ ပရိသတ်က အစ်ကိုလေးကို သိပြီးသားပဲ"ဟု ကျွန်တော်က ပြေး၍တောင်းပန်သည်။ ထိုအခါ အစ်ကိုလေး ဗိုလ်ကလေးတင့်အောင်က "အောက်မှာထိုင်နေရတဲ့ ပရိသတ်ကိုလေးစားရမယ်"ဟု ပြောနေသေးသည်။ စာရေးဆရာကြီး သိပ္ပံမှူးတင် (အသက် ၉၀ နှစ်ရှိပါပြီ) အလှည့်ရောက်ပြန်တော့ ဆရာကြီးက ဖြုန်းခနဲ ဝုန်းခနဲ သွက်သွက်လက်လက် မတ်တတ်ရပ်ပြသည်။ ပရိသတ်က လက်ခုပ်သြဘာပေးကြသည်။ "ဆရာကြီး သိပ္ပံမှူးတင် အခုလို ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် ဖြစ်ပြီး ကျန်းမာနေတာ ဆေးလိပ်မသောက်လို့ဘဲ"ဟု တစ်ဦးက အော်ပြောနေသေးသည်။ ဟုတ်ပေသားပဲ။

**သက်ကြီးပညာရှင်ကြီးများကို အားကျသည်**

ယခုလို သတင်းစာဆရာ၊ စာရေးဆရာသက်ကြီးပညာရှင်များကို ကန်တော့ဖို့၊ ရှိခိုးဖို့၊ လက်အုပ်ချီဖို့၊ တစ်နေရာတည်းမှာ စုစုစည်းစည်းတွေ့ကြုံရဖို့ မလွယ်လှပေ။ အဘိုး အဘွားအရွယ်တွေ၊ အသက် (၉၀) ကျော်သူတွေ၊ တိုင်းကျိုးပြည်ကျိုးပြုခဲ့သူတွေ၊ သမိုင်းအမွေပေးနိုင်သူတွေ၊ ရှားပါးပုဂ္ဂိုလ်ကြီးတွေဖြစ်ချေသည်။ လှယဉ်ကျေးမယ်ရွေးပွဲ၊ မယ်ကမ္ဘာရွေးပွဲတွေလို သည်းသည်းလှုပ်အော်ဟစ်ဆူညံမှုမျိုး မတွေ့ရ။ တည်ငြိမ်ရင့်ကျက်စွာဖြင့် မြန်မာ့ရိုးရာစဉ်လာမပျက် ပူဇော်ကန်တော့ခံကြရသည်။ မျိုးဆက်သစ်တို့ တိုးတက်ရစ်စေဖို့ ဂါရဝတရားပွားများခဲ့သည့် ပွဲကြီးနှစ်ပွဲဖြစ်ပေသည်။ ကြည်နူးချမ်းမြေ့၊ မမေ့ရက်နိုင်ပါ။

**မှတ်တမ်း**

ပူဇော်ကန်တော့ပွဲညှော်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရရေးဖို့ လာပြောသည်။ အောက်ပါအတိုင်း ကျွန်တော်ရေးခဲ့ပါကြောင်း။

သတင်းနှင့်စာပေအသက်ရှည်၊
ပညာရှင်ကြီးများ ခါးကုန်းကုန်း၊
မသေပါနှင့်အုံး၊
နောင်နှစ်ခါ စာပေပွဲ၊
နွဲလှည့်ပါအုံး။ ။

## ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ရှင်သန်ရေးသင်တန်းဆင်း

**ကျိုင်းတုံ ဒီဇင်ဘာ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ လူကုန်ကူးမှုများအား ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ရှင်သန်ရေးသင်တန်းဆင်းပွဲကို ကျိုင်းတုံမြို့ ရပ်ကွက်(၅) ကန်နားလုံ့ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း၌ နိုဝင်ဘာ ၂၇ ရက်က ကျင်းပရာ ကျိုင်းတုံ ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ကျိုင်းတုံ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ သင်တန်းသားများက လူကုန်ကူးခြင်း သရုပ်ပြတင်ဆက်သည်။

ယင်းအခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျိုင်းတုံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးတပ်ဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး သင်တန်းအတွက် လိုအပ်သော စားပွဲခြောက်လုံးကို ခရိုင်အမျိုးသမီးရေးရာ ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**(ကျိုင်းတုံ-ကိုယ်ပွား)**

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပ

**မအူပင် ဒီဇင်ဘာ ၂**

မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံအုပ်ကြီးကိုယ်စား အရိုးရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာစောသူရကြည်ဖေက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒုခရိုင်ကျန်းမာရေးဦးစီးမှူး အဖွဲ့ခေါင်းဆောင် ဒေါက်တာ ခင်မာစိုးက ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း ပညာပေးပြောကြားသည်။ ၎င်းနောက် အထိမ်းအမှတ် စာစီစာကုံး၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲတွင်ဆုရရှိသူများအား ဆုတံဆိပ်နှင့်ငွေသားဆုများကို တာဝန်ရှိသူများက ချီးမြှင့်ပေးကြောင်းသိရသည်။

**မအူပင်ခရိုင်(ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

NEW MOTION Travels & Tours
New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေ့လျားသစ်လွင် ခရီးစဉ်
★ တောင်ကြီး ခရီးစဉ် ~ Dec; 24, Jan; 8
★ ငွေဆောင် ခရီးစဉ် ~ Dec; 26 , Jan; 2
★ မန္တလေး ခရီးစဉ် ~ Dec; 24, Jan; 8
★ မော်လမြိုင် ခရီးစဉ် ~ Dec; 26 , Jan; 9
★ ပုဂံ ခရီးစဉ် ~ Dec; 25, Jan; 15
ရွှေစက်တော်/အလောင်းတော်ကဿပ/ရွှေလီ/မိုးကုတ်/ပေလီ/ချောင်းသာ
အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

FAIR & SQUARE Travels and Tours Co.,Ltd.
'ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ' ခရစ္စမတ် အထူးအစီအစဉ်
ပုဂံခရီးစဉ် (၅) ဦးဝယ်လျှင် (၁) ဦးအခမဲ့
- အေးချမ်းပြီး ပျော်ရွှင်စရာကောင်းတဲ့ ဒီဇင်ဘာလလေးမှာ ပုဂံဘုရားစုံဖူးရအောင် .......
- ပုဂံ (စွယ်တော်လေးဆူ)၊ ပုဂံဘုရားအစုံ၊ ပုဂံပြတိုက်၊ နေဝင်ဆည်းဆာ၊
- ညောင်ဦး ၊ ပုပ္ပါးတောင်၊ ပခုက္ကူဘုရားစုံ ၄ ည/၅ ရက် ခရီးစဉ် ဒီဇင်ဘာလ (၂၄-၂၈) ရက်
ခရစ်စမတ် အဆင့်မြင့်ခရီးစဉ် ၁၇၀,၀၀၀-ကျပ်
'ကျိုက်ထီးရိုးဘုရားခရီးစဉ် နှင့် ပြည်-ထုံးဘို-အကောက်တောင် တစ်ရက်ခရီးစဉ်'
- အပတ်စဉ် သောကြာနေ့ညတိုင်း ကျိုက်ထီးရိုး တစ်ရက်ခရီး (ရေသန့်/စနီးတာဝါ)
- အပတ်စဉ် စနေနေ့ညတိုင်း ပြည် (ရွှေဆံတော်၊ရွှေဘုံသာမုနိ)၊ ထုံးဘို (အကောက်တောင်)၊ ရွှေတောင် (ရွှေမျက်မှန်ဘုရား)၊ ပေါင်းတည် (စွယ်တော်မြတ်) (ရေသန့်/စနီးတာဝါ/စက်လှေခ)
တစ်ဦးလျှင် ၁၅၀၀၀-ကျပ်
Tel : 01 377688, 01 245993, 09 7300 2211, 09 7300 5511

# ဗိုလ်ရှုသဘင်ပွဲ ပါဝင်ဆင်နွှဲခဲ့ကြရာတွင်. . .

တွေ့ဆုံမေးမြန်း - ငွေးအောင်(ကြေးမုံ)
အိရွှေစင်ဝင်း

**၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့အခမ်းအနားသည် (၆၇)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားဖြစ်သည်။ ထိုအခမ်းအနားတွင် နှစ်ပေါင်း ၅၀ ကျော်ကြာ မကျင်းပဖြစ်ခဲ့သော "ဗိုလ်ရှုသဘင်"ကို နေပြည်တော်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပတော့မည်ဖြစ်သည်။ လွတ်လပ်ရေးရခဲ့ပြီး လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ရာတွင် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့်အတူ နိုင်ငံတော်အကြီးအကဲ သမ္မတကြီးအား ချီတက်ဂုဏ်ပြုအလေးပြုခဲ့ကြသည့် "ဗိုလ်ရှု"သဘင်အခမ်းအနားကို ယခင်က ထည့်သွင်းကျင်းပခဲ့ဖူးသည်။**


ဦးစိန်လှိုင်(မဟာဝိဇ္ဇာ)


ရေနံ့သာဦးဝင်းမောင်


ဦးအောင်မြင့်(သစ်လုပ်ငန်း)


သောကြာဦးမောင်လေး

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော သမ္မတကြီး စဝ်ရွှေသိုက်လက်ထက် ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် "ဗိုလ်ရှု"သဘင်အခမ်းအနားစတင်ကျင်းပခဲ့သည်။ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အခါသမယ လွတ်လပ်ရေးနေ့ကို အလေးအနက်ထားသောအားဖြင့် သမ္မတ စဝ်ရွှေသိုက်မှ သမ္မတမန်းဝင်းမောင်(၁၉၆၂)အထိ "ဗိုလ်ရှု" သဘင်ကျင်းပခဲ့ပြီး တော်လှန်ရေးကောင်စီလက်ထက် (၁၉၆၃)ခုနှစ်မှစ၍ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုသဘင်မကျင်းပနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ရှိခဲ့ပြီဟု သိရသည်။ လက်ရှိအစိုးရသစ်လက်ထက်တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့်အတူ "ဗိုလ်ရှု"သဘင်ပြန်လည်ကျင်းပတော့မည်ဖြစ်ရာ "ဗိုလ်ရှု"သဘင်ဆိုသည့် အဓိပ္ပာယ်နှင့် "ဗိုလ်ရှုသဘင်"ကို ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှုကို ဖော်ပြအပ်ပါသည်။

**ဦးစိန်လှိုင်(မဟာဝိဇ္ဇာ)**

အဘတို့ ရန်ကုန်ရောက်တဲ့အချိန် သမ္မတကြီး ဦးဘဦးလက်ထက်ပေါ့။ ဗိုလ်ရှုခံပွဲကို ပါဝင်ဆင်နွှဲခဲ့တယ်။ အသက် (၁၄)နှစ် (၁၅)နှစ် အရွယ်လောက်ပေါ့။ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုကျင်းပတဲ့ စစ်ရေးပြအခမ်းအနားပေါ့။ ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုံနဲ့ ပြည်သူ့ဝန်ထမ်းတွေက ချီတက်အလေးပြုကြတယ်။ အဲဒီအချိန်ကရှိခဲ့တဲ့ စစ်ကား၊ တင့်ကားတွေ၊ စစ်လေယာဉ်တွေ ချီတက်အလေးပြုကြသလို စစ်လေယာဉ်တွေကလည်း လေမှာဝဲပျံပြီး သမ္မတကြီးကို အလေးပြုတယ်။အခု ပြည်လမ်း ရွှေတိဂုံစေတီအနောက်ဘက်မုခ်တည့်တည့်နေရာပေ့ါ။ အဲဒီမှာ ဗိုလ်ရှုခံစင်မြင့် အခုလွှတ်တော်အဆောက်အအုံဝင်း (ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး)မှာ သမ္မတကြီးက အလေးပြုခံတာ။ အဲဒီတုန်းက ပြည်သူ့ရင်ပြင်က ကွင်းပြင်ကြီးပဲရှိသေးတယ်။ အခု M3 နေရာက လွင်လွင် ရုပ်ရှင်ရုံ၊ လွှတ်တော်နေရာမှာ ဂေါ်ရာကုန်း၊ တော်လှန်ရေးပန်းခြံမှာ ကပ္ပလီကွက်သစ်၊ ပြီးတော့ အခုနက္ခတ်တာရာပြခန်းဘက်မှာ ဝါဝါဝင်းကွက်သစ်တွေရှိတယ်။ တော်လှန်ရေးကောင်စီလက်ထက်မှာ အဲဒါတွေ တောင်ဥက္ကလာတို့ကွက်သစ်တွေဘက်ရွှေ့လိုက်တယ်။ ဗိုလ်ရှုခံသဘင်ကို ပြည်သူတွေ ပါဝင်ဆင်နွှဲခဲ့ကြတယ်။

**ရေနံ့သာဦးဝင်းမောင်**

ဗိုလ်ရှုသဘင်ပွဲကို ဂုဏ်ပြုရေးထားတဲ့သီချင်း၊ လွတ်လပ်ရေးကို ဖော်ကြူးရေးထားတဲ့ "ဗိုလ်ရှုသဘင်" ဆိုတဲ့ သီချင်းရှိတယ်။ ပေါ်လစီသီချင်းမဟုတ်ဘူး။ ဗိုလ်ရှုသဘင်ကိုမြင်ပြီး ပုံဖော်ရေးထားတာ။ တေးရေးက ဂီတာဦးတင်အုန်း၊ တေးဆိုက မြသက်မူ၊ ဗိုလ်ရှုသဘင်နဲ့အတူ တေးရေး၊ တေးဆိုတွေ အောင်မြင်ကျော်ကြားခဲ့တယ်။

**ဦးအောင်မြင့်(သစ်လုပ်ငန်း)**

"လာလာချေပြီ. . . ပျို့ချစ်ဦးလဲ ထူးတဲ့ဇာနည် တပ်မတော် ရှေ့တန်းဆီမှန်းဆကာ မြူတွေထဲ လူလုံးမကွဲတော့သည်။ ပဝါဖြူလေးယမ်းကာပဲ မေကလည်း မောင့်ကိုကြည့်သည်၊ မောင်ကလည်း မေ့ကိုကြည့်သည်။ အားပေးကြွေးကြော်သံညီညီ လွှတ်သဘင်ပွဲဆင်နွှဲခါတော်မီ"ပေါ့။ "ဗိုလ်ရှုသဘင်"သီချင်း။ အဲဒီတုန်းက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့။ ပြည်သူတွေ သောင်းသောင်းဖြဖြအားပေးကြတယ်။ အဘက အဲဒီတုန်းက ငါးတန်းလောက်ရှိပြီ။ မြူနီစီပယ်ကျောင်းက၊ ပုဂ္ဂလိကကျောင်းတွေလည်းရှိတယ်။ ဗိုလ်ရှုခံရွေ့မှာ ကျောင်းအလိုက် တန်းစီရတယ်။ မနက်လေးနာရီခွဲလောက်ကတည်းက ချက်ပလက်(စစ်ကျန်ဘတ်စ်)ကားကြီးနဲ့ လာကြိုတယ်။ ကျောင်းသားတွေကို နိုင်ငံတော်အလံတွေ ပေးထားတယ်။ အဲဒီတုန်းက ကြယ်ငါးပွင့်နဲ့အလယ်မှာ ကြယ်ကြီးတစ်ပွင့်ပေါ့။ စစ်ကားတွေ၊ တင့်ကားတွေ၊ လေယာဉ်ပျံတွေက ပျံဝဲပြတယ်။ မြင်းစီးပုလိပ်တပ်ဖွဲ့ပါတယ်။ ကြည်း၊ ရေ၊ လေ ဂုဏ်ပြုတပ်ဖွဲ့နဲ့ ပါတီတွေလည်းပါတယ်။ ဇန်နဝါရီလဆိုတော့ မြူတွေကြားထဲမှာပေ့ါ။ ဗိုလ်ရှုခံအခမ်းအနားမှာ တခြားနိုင်ငံက ဧည့်သည်တော်တွေလည်းလာတယ်။ သမ္မတကြီးနဲ့အတူ ဂုဏ်ပြုအလေးပြုကြတယ်။ ပြည်သူတွေက လွတ်လပ်ရေးနေ့နဲ့ ဗိုလ်ရှုသဘင်ကို စိတ်ဓာတ်ပြင်းပြစွာ ပါဝင်ဆင်နွှဲကြတယ်။ ပျော်ပွဲ ရွှင်ပွဲတွေကျင်းပကြတယ်။

**သောကြာဦးမောင်လေး**

၁၉၅၀ ခုနှစ်၊ ၁၉၅၁ ခုနှစ်လောက်ကလို့ထင်တယ်။ လွတ်လပ်ရေးနေ့အခမ်းအနားကို ပြည်လမ်း ရွှေတိဂုံအနောက်ဘက်မုခ်အနီးမှာရှိတဲ့ ကွင်းထဲမှာ ကျင်းပတာကိုယ်တိုင်သွားကြည့်ဖူးတယ်။ မနက်အစောကြီးကျင်းပတာဆိုတော့ အစောကြီးနေမထွက်မီ အရောက်သွားရတယ်။ ရွှေတိဂုံအနောက်ဘက်မုခ်ကနေ ဆင်းပြီးသွားရတယ်။ အဲဒီတုန်းက အဆောက်အအုံကြီးကြီးမားမားမရှိသေးဘူး။ မဏ္ဍပ်အကြီးကြီးတွေထိုးပြီးလုပ်တာ၊ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ် ဒို့အပြင် စစ်ဘက်အကြီးအကဲတွေ၊ တာဝန်ရှိသူတွေပါကြတာပေ့ါ။ သမ္မတကို အလေးပြုဖို့ ချီတက်လာတဲ့ အထဲမှာ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်မတော်သားတွေအပြင် စစ်သမီးတွေလည်းပါတယ်။ သမ္မတကတော့ စင်မြင့်ပေါ်မှာ နေရာယူပြီး ချီတက်အလေးပြုခံတာပေ့ါ။ တပ်မတော်သားတွေ တော်တော်များများ လက်နက်တင်တဲ့ မော်တော်ကားတွေ၊ အမြောက်တင်တဲ့ကားတွေ၊ တင့်ကားကြီးတွေလည်းပါတယ်။ အဲဒီနောက်မှာတော့ အလှပြကားတွေပါသေးတယ်။ အလှပြကားတွေကတော့ ကုန်သည်တွေကလုပ်တာပေ့ါ။ ပစ္စည်းလည်းကြော်ငြာရင်း သမ္မတကိုလည်း အလေးပြုရင်းပေ့ါ။ အဲဒီလိုအခမ်းအနားကျင်းပနေချိန်မှာပဲ ကောင်းကင်ပေါ်မှာ လေယာဉ်တွေကဝဲနေတယ်။ လူထုတွေကတော့ မမြင်ဖူးတော့ အထူးအဆန်းဖြစ်ပြီး ကြည့်ကြတာပေ့ါလေ။ ပရိသတ်ကအင်မတန်များတယ်။ ခပ်စောစောသွားမှ ကြည့်ရတာ။ နေမပူခင်ပေ့ါ၊ နေရောင်လည်းထွက်လာရော အခမ်းအနားက ပြီးသွားရော။ ညကျတော့ ရန်ကုန်တစ်မြို့လုံး၊ အစိုးရအဆောက်အအုံတွေအားလုံး ရောင်စုံမီးတွေထွန်းထားကြတယ်။ မီးရှူးမီးပန်းတွေ လွှတ်တယ်၊ ပျော်ပွဲရွှင်ပွဲတွေကတော့ ရပ်ကွက်အလိုက် ကိုယ့်အစီအစဉ်နဲ့ လုပ်ကြတာပေ့ါ။ အားကစားပွဲတွေ၊ အငြိမ့်ပွဲတွေ၊ လူငယ်တွေအတွက် ချောတိုင်တက်ပွဲတွေ၊ မိန်းကလေးတွေအတွက်တော့ ထုပ်ဆီးတိုးပြိုင်ပွဲတွေ ကျင်းပကြတာပေ့ါ၊ အဓိကကတော့ ပျော်ပွဲရွှင်ပွဲကျင်းပတာပါပဲ။

အထူးသဖြင့် ညပိုင်းမှာ နိုင်ငံတော်သမ္မတကြီးက အလုံလမ်း သမ္မတအိမ်တော်မှာ ညစာစားပွဲနဲ့ တည်ခင်းဧည့်ခံပါတယ်။ အဲဒီအချိန်ကာလက ဒီမိုကရေစီခေတ်ကာလဆိုတော့ အနှစ်သာရတစ်ခုပြောဦးမယ်။ အခု မဟာဗန္ဓုလပန်းခြံမှာ အဲဒီကာလက ဟစ်တိုင်ဆိုပြီး လုပ်ပေးထားတယ်။ အဲဒီနေရာမှာ ပြည်သူတွေက ပြောချင်တာရှိရင် ပြောဟောလို့ရတယ်။ ဘာအကြောင်းပြောမလဲ။ ပြောလို့ရတယ်။ အထူးသဖြင့် နိုင်ငံရေးအကြောင်းပဲ ပြောကြတာများတယ်။ အပြောကောင်းတဲ့သူပြောရင်တော့ နားထောင်တဲ့သူတွေ များတာပေ့ါ။ နိုင်ငံရေးဝါသနာပါသူ၊ တက်ကြွတဲ့သူတွေ၊ တိုင်းပြည်ကိုတိုးတက်စေချင်သူတွေက လွတ်လပ်စွာပြောဆိုနိုင်တယ်။ ကိုယ်တိုင်လည်း သွားနားထောင်ဖူးတယ်"ဟု သိမီလိုက်ကြသော ပုဂ္ဂိုလ်များက ပြောပြခဲ့သည်။

## မြန်မာ့အသံ(ရေဒီယို)နှင့် BBC Media Action တို့ ရေဒီယိုဇာတ်လမ်းတွဲ ပူးပေါင်းထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အများပြည်သူဝန်ဆောင်မှုရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း (Public Service Broadcasting) အဖြစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိရာတွင် BBC Media Action အပါအဝင် နိုင်ငံတကာရုပ်သံလွှင့်ဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ မတူကွဲပြားမှုများအကြား ပဋိပက္ခကို ရှောင်ရှားပြီး ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်နိုင်ရေးကို ရည်ရွယ်သည့် ရေဒီယိုဇာတ်လမ်းတွဲအစီအစဉ်ကို မြန်မာ့အသံ(ရေဒီယို)နှင့် BBC Media Action တို့ ပူးပေါင်းထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါဇာတ်လမ်းတွဲကို ရေဒီယိုဇာတ်လမ်းတွဲ ထုတ်လုပ်မှုဆိုင်ရာ နိုင်ငံတကာဆုတံဆိပ်များစွာ ရရှိထားသည့် အင်္ဂလန်နိုင်ငံသူ Ms.Fiona Ledgon က တာဝန်ခံထုတ်လုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အသံသရုပ်ဆောင်သစ်များဖြင့် ဖွဲ့စည်းထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇာတ်လမ်းတွဲတစ်ပိုင်းလျှင် ၁၅ မိနစ်စီကြာမြင့်ပြီး အပိုင်း(၂၆)ပိုင်းဖြင့် ထုတ်လုပ်မည့် အဆိုပါရေဒီယိုအသံလွှင့်ဇာတ်လမ်းတွဲကို ၂၀၁၅ ခုနှစ် မေလဆန်းမှစတင်ကာ မြန်မာ့အသံ(ရေဒီယို)အစီအစဉ်မှ ခြောက်လကြာမျှ အပတ်စဉ်အစီအစဉ်အဖြစ် ထုတ်လွှင့်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**




## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မူဆယ် ဒီဇင်ဘာ ၂**

မူးယစ်တပ်ဖွဲ့စု(၂၂)ကွတ်ခိုင် လူပ်ရှားအဖွဲ့မှ ရဲအုပ်စိုးဝင်းနိုင်ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာကျေးရွာ အမှတ်(၃)ရပ်ကွက် ဟိုပုံစုစည်းချောင်းအနီး မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲနေကြောင်း သတင်းရရှိသဖြင့် စောင့်ဆိုင်းနေစဉ် နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် မသင်္ကာဖွယ် လဂျာဆိုသူအား သက်သေများနှင့်အတူ စစ်ဆေးရှာဖွေခဲ့ရာ လဂျာဝတ်ဆင်ထားသည့် Red taps အညိုရောင် အနွေးထည်အင်္ကျီအတွင်းမှ 88&1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၈ ပြား၊ ဘိန်းဖြူ ၂ ဂရမ်တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ မိနစ် ၃၀ အကြာ ထိုချောင်းအနီး ထပ်မံရောက်ရှိလာသည့် လောဝူးထံမှ ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်ကို သိမ်းဆည်းရမိခဲ့ပြီး နံနက် ၁၁ နာရီခန့်တွင် စိုးသူရထံမှလည်း သတ္တုဘူးငယ်ဖြင့် ထည့်ထားသော ဘိန်းဖြူ သုည ဒသမ ၀၀၁ ဂရမ်ကို ဆက်လက်သိမ်းဆည်းရမိသည်။

ညနေ ၃ နာရီ၌ နော်ဆန့်၏အနွေးအင်္ကျီထဲမှ သုည ဒသမ ၈ ဂရမ် အလေးချိန်ရှိ ဘိန်းဖြူနှင့် ၃ နာရီ ၁၅ မိနစ်တွင်ရောက်ရှိလာသူ ဘရန်အောင်၏လက်ဝယ်မှ ဘိန်းဖြူ သုည ဒသမ ၀၀၂ ဂရမ် သိမ်းဆည်းရမိသည်။

ထိုသို့ တစ်ရက်တည်း တစ်နေရာတည်း၌ဖမ်းဆီးရမိခဲ့သော နမ့်ဖက်ကာကျေးရွာသားများဖြစ်ကြသည့် လဂျာ(၃၁)နှစ်ကို မယ(ပ)၄၂/၂၀၁၄၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားပြီး လောဝူး(၆၁)နှစ်၊ စိုးသူရ(၂၄)နှစ်၊ နော်ဆန့်(၃၉)နှစ်၊ ဘရန်အောင် (၄၇)နှစ်တို့ကိုလည်း မယ(ပ) ၄၃၊ ၄၄၊ ၄၅၊ ၄၆/၂၀၁၄ မူး/စိတ်ပုဒ်မ ၁၅/၁၆(ဂ)အရ နမ့်ဖက်ကာနယ်မြေရဲကင်းစခန်း၌ ရဲအုပ်စိုးဝင်းနိုင်က တရားလိုပြုလုပ်၍ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ဆရာမောင်(မူဆယ်)**

ပြည်တွင်းရေးရာ

# နော်ဝေနိုင်ငံ ဟာရယ်ဘုရင်နှင့် မိဖုရားတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ရှိ တယ်လီနောရုံးချုပ်ကို ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ရောက်ရှိနေသော ဧည့်သည်တော် နော်ဝေနိုင်ငံ ပဥ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရား ဆွန်ယာတို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ဇနီး၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စွာမင်း၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ အန်းအော်လီစတက်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ တယ်လီနောရုံးချုပ်သို့ရောက်ရှိကြရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် နော်ဝေနိုင်ငံ ဟာရယ်ဘုရင်နှင့် မိဖုရားတို့အား Telenor Group CEO and President Jon Fredrik Baksaas နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံသို့ တယ်လီနောစတင်အခြေချပုံ၊ တယ်လီနောက မြန်မာနိုင်ငံတွင်ချမှတ်ထားသော ကုမ္ပဏီစည်းမျဉ်းစည်းကမ်းများ၊ ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ မိမိတို့လုပ်ငန်းအပေါ် တာဝန်ယူမှု၊ တာဝန်သိမှုအပြည့်ဖြင့် ဆောင်ရွက်လျက်ရှိပုံ၊ လူထုနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်လည်း အပြည့်အဝ တာဝန်ယူပုံ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဆင်းမ်ကတ်ရောင်းချနေပုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် နော်ဝေနိုင်ငံ ဟာရယ်ဘုရင်နှင့် မိဖုရားတို့သည် တယ်လီနောရုံးချုပ်ရှိ ဝန်ထမ်းများက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှု၊ တယ်လီနောဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ ခင်းကျင်းပြသထားမှုနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေကြသည့် ဝန်ထမ်းများအား မှာကြားနှုတ်ဆက်ပြီး**(အပေါ်ပုံ)** ပြန်လည်ထွက်ခွာသွားသည်။




ရန်ကင်းမြို့နယ်ရှိ တယ်လီနောရုံးချုပ်အပြင် ရန်ကုန်မြို့၌ တယ်လီနောဆိုင်ကြီးပေါင်း ၂၂ ဆိုင်နှင့် ဆိုင်ခွဲပေါင်း ၉၀၀၀ကျော်တို့မှ တယ်လီနော ဆင်းမ်ကတ်များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(ဥမ္မာသန့်)**

---

**◯ ကျောဖုံးမှ**

ပဋိသန္ဓာရစကားဖြင့် နှုတ်ခွန်းဆက်ခဲ့ပြီး "အတတ်ပညာလက်ဆောင်သည် မိမိနှင့် တစ်သက်လုံးတည်ရှိနေပြီး မိမိတို့အိပ်မက်များ၏ အထွတ်အထိပ်ကို ပို့ဆောင်ပေးနိုင်ပါသည်။ ပညာရေးသည် ကမ္ဘာကြီးကိုပြောင်းလဲပစ်ရန် အသုံးပြုနိုင်သော အင်အားအရှိဆုံး လက်နက်တစ်ခုဖြစ်သည်ဟူသည့် နယ်ဆင်မင်ဒဲလ်လား၏ ပြောစကားဖြင့်" ၎င်းက နမူနာပေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီအရေးနှင့် စပ်လျဉ်း၍ "တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ ဒီမိုကရေစီအစရှိသည့် တန်ဖိုးရှိသည့်အရာများကို ကျွန်တော်တို့နော်ဝေနိုင်ငံမှာ မိမိတို့ရဲ့ ကိုယ်ပိုင်ရပိုင်ခွင့်ဆိုပြီး အမှတ်မထင်ယူဆခဲ့ကြတာတွေကို မြန်မာတွေက စိတ်အားထက်သန်စွာ ဆုံးဖြတ်ချက်ချကာ ရယူနိုင်ရန် ကြိုးပမ်းအားထုတ်နေတာကို တွေ့ရတဲ့အတွက် ကျွန်တော်တို့အားကျမိပါတယ်။ ခက်ခဲတဲ့ အတိတ်ကာလကို မျှော်လင့်ချက်ရှိတဲ့ အနာဂတ်အဖြစ် ပြောင်းလဲရန် သန္နိဋ္ဌာန်ချထားခြင်းကို ချီးမွမ်းပါတယ်။ ရှေ့ဆက်လုပ်ဆောင်ရမယ့် အင်မတန်ခက်ခဲတဲ့ ရှေ့လုပ်ငန်းများကို အထောက်အကူပေးဖို့ ကျွန်တော်တို့ဒီမှာ ရောက်ရှိနေခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လူငယ့်စွမ်းပကားကြွယ်ဝမှုမှာ သိသာထင်ရှားပါတယ်။ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဟာ ကြွယ်ဝချမ်းသာတဲ့ အနာဂတ်အတွက် သော့ချက်များဖြစ်ပါတယ်"ဟု ဆိုသည်။

ဆက်လက်၍ "မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နော်ဝေနိုင်ငံမှ ပါဝင်ဆောင်ရွက်ခဲ့တာ ကြာပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလှုပ်ရှားမှုနဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေကို ကျွန်တော်တို့ ဆက်လက်အထောက်အကူပြုလျက်ရှိပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်အထိ ဒီမိုကရက်တစ်မြန်မာ့အသံ(Democratic Voice Of Burma)ဟာ အော်စလိုမြို့မှာ အခြေပြုခဲ့ပါတယ်။ ဆိုင်ကလုန်းနာဂစ်ရဲ့နောက်ဆက်တွဲအကြီးအကျယ် ပျက်စီးမှုတွေအတွက် ကျွန်တော်တို့ လူသားချင်းစာနာထောက်ထားတဲ့ အထောက်အကူများပေးခဲ့ပါတယ်။ ရေရှည်ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ခြင်းများလည်း တည်ဆောက်ခဲ့ကြပါတယ်။

နော်ဝေနိုင်ငံမှ ကုမ္ပဏီများက မြန်မာနိုင်ငံမှာ လုပ်ငန်းများစတင်ဆောင်ရွက်နေပါပြီ။ ကျွန်တော်တို့နှစ်နိုင်ငံပြည်သူများအကြား ဆက်ဆံရေးတွေ ကြီးပွားတိုးတက်လာတာကို မြင်တွေ့ရတာ ကျွန်တော်ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့တစ်ဦးထံမှတစ်ဦး အပြန်အလှန်သင်ယူစရာတွေ အများကြီးရှိပါတယ်"ဟုပြောသည်။

နော်ဝေနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် တန်ဖိုးကိုပြန်ပြောင်းပြောကြားရာတွင် "နော်ဝေနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်(၂၀၀)ပြည့်တဲ့ အထိမ်းအမှတ်ကို ဒီနှစ်နော်ဝေနိုင်ငံမှာ ဂုဏ်ပြုကျင်းပလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေဟာ ပြောင်းလဲနေတဲ့ သဘောသဘာဝရှိတဲ့ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကို အခြေခံပြီး လူမှုအခွင့်အရေးတွေကို ထိန်းသိမ်းစောင့်ရှောက်ထားသော အသက်ရှင်သော ပဋိညာဉ်တစ်ခုဖြစ်ပါတယ်။ ၎င်းကို လက်ခံသဘောတူလိုက်နာကျင့်သုံးခဲ့သည့် ၁၈၁၄ ခုနှစ်မှစ၍ ယခုတိုင် အကြိမ်ပေါင်း (၂၀၀)ထက်မနည်း ပြောင်းလဲပြင်ဆင်ခဲ့ပြီးဖြစ်ပါတယ်။

ယခုနှစ်(၂၀၀)ပြည့် နှစ်ပတ်လည်နေ့မှာ ကျွန်တော်တို့ရဲ့ အဓိကအချက်အချာကျတဲ့ တန်ဖိုးများကို ပြန်လည်သတိရအတည်ပြုနိုင်မယ့် အရေးကြီးတဲ့ အခွင့်အရေးတွေဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေဟာ ပြည်သူတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပြီး ဒီမိုကရေစီကို တည်တံ့ခိုင်မြဲစေပါတယ်။ လူ့အဖွဲ့အစည်းဝင်တစ်ဦးအနေနဲ့ ရပိုင်ခွင့်တွေရှိသလို တာဝန်ဝတ္တရားတွေလည်းရှိကြောင်း ကျွန်တော်တို့ကို သတိပေးနေပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့ရဲ့လူ့အဖွဲ့အစည်းဟာ မျိုးဆက်သစ်တစ်ခုမှ တစ်ခုသို့ လျင်မြန်စွာပြောင်းလဲနေပါတယ်။ ဤကဲ့သို့ စဉ်ဆက်မပြတ်ပြောင်းလဲနေတဲ့ဖြစ်စဉ်မှာ ကျွန်တော်တို့ရဲ့ နော်ဝေပြည်သူများဟာ အများသဘောတူလက်ခံတဲ့ ရည်မှန်းချက်ပန်းတိုင်များပေါ် အခြေခံပြီး စည်းလုံးညီညွတ်မှုရှိကြသည်မှာ နော်ဝေနိုင်ငံကိုကျော်လွန်ပြီး ဆက်နွယ်မှုရှိနေသည်ကို ကျွန်တော်ယုံကြည်ပါတယ်။ လူတိုင်းတန်းတူအခွင့်အရေးရနိုင်တဲ့ အားလုံးပါဝင်တဲ့ လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို မျှော်မှန်းပြီး ကျွန်တော်တို့တည်ဆောက်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ပွင့်လင်းမြင်သာမှုနဲ့ အမျိုးသား အမျိုးသမီး တန်းတူညီမျှမှုရရှိရေးကို တန်ဖိုးထားပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အဓိကကျတဲ့ နိုင်ငံတကာစံနှုန်းများကို ထိန်းသိမ်းပြီး ပိုမိုကောင်းမွန်တိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ကြပါတယ်။ ယနေ့ နော်ဝေနိုင်ငံရဲ့ ဆန်းသစ်စုံလင်များပြားလှတဲ့ ယဉ်ကျေးမှုတွေနဲ့ လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို လက်ခံနိုင်အောင် ကျွန်တော်တို့ ကြိုးပမ်းနေပါတယ်" ဟု ဆိုသည်။

တစ်ဆက်တည်းမှာပင် နော်ဝေနိုင်ငံ၏ အတိတ်သမိုင်းကြောင်းတစ်လျှောက် ဖြတ်သန်းခဲ့မှုများနှင့်စပ်လျဉ်း၍ "၁၉၀၅ ခုနှစ်မှာ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ဆွီဒင်နိုင်ငံမှ ပြည့်ဝတဲ့လွတ်လပ်ရေးကို ငြိမ်းချမ်းစွာရရှိခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်မှာ ကျွန်တော်တို့နိုင်ငံကို သိမ်းပိုက်ခြင်းခံခဲ့ရပါတယ်။ ကျွန်တော်ဟာ ကလေးတစ်ယောက်အနေနဲ့ တိုင်းပြည်ရဲ့ပြင်ပမှာနေထိုင်ခဲ့ရပါတယ်။ ၁၉၄၅ ခုနှစ်နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့လူ့ဘောင်အဖွဲ့အစည်းပြန်လည်တည်ဆောက်ရေးမှာ ကြီးမားစွာအားထုတ်မှုပြုခဲ့ရပါတယ်။ နော်ဝေနိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံတစ်ခုဖြစ်ခဲ့ပါတယ်။ များပြားလှတဲ့ သဘာဝသယံဇာတများကို သတိကြီးစွာနဲ့ စီမံခန့်ခွဲနိုင်ခဲ့မှုကြောင့် ကျွန်တော်တို့နော်ဝေပြည်သူများဟာ အဆင့်အတန်းမြင့်မားပြီး အရည်အသွေးရှိတဲ့ လူမှုဘဝတွေကို ခံစားနေရပါပြီ။ ဒါထက်ပိုအရေးကြီးတာက ရင်းနှီးမြှုပ်နှံမှုများကို ရေရှည်တည်တံ့ခိုင်မြဲမည့် ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံခဲ့ခြင်းအားဖြင့် ကျွန်တော်တို့ လူသားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း"ဖြင့် ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးများနှင့် ပတ်သက်၍ "အကူးအပြောင်းဖြစ်စဉ်မှာ အခက်အခဲတွေ အများကြီး ရင်ဆိုင်ရမယ်ဆိုတာ ကျွန်တော်ကောင်းစွာ သဘောပေါက်ပါတယ်။ ပွင့်လင်းမြင်သာတဲ့ စီးပွားရေးစနစ်ကို ကူးပြောင်းရာမှာလည်း ကျော်လွှားရမယ့် အခက်အခဲများစွာရှိပါလိမ့်မယ်။ ဆက်လက်ဖော်ဆောင်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရဦးမယ်။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရယူတည်ဆောက်တဲ့ဖြစ်စဉ်မှာ အချိန်ယူရပါမယ်။

ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်နိုင်ရန် မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာမှာ မြန်မာနိုင်ငံ ပြည်သူပြည်သားတိုင်းရဲ့ ဆုံးဖြတ်ချက်နဲ့ ပါဝင်လုပ်ဆောင်မှုလိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံများကို အသုံးပြုပြီး ကူညီနိုင်သည့်နယ်ပယ်များတွင် ကူညီပေးသွားမှာကိုလည်း ကျွန်တော်တို့တာဝန်တစ်ရပ်လို့ မြင်ပါကြောင်း အခိုင်အမာပြောလိုပါတယ်။ ကျွန်တော်တို့ အချို့သော နယ်ပယ်တွေမှာ သဘောထားကွဲလွဲမှုရှိကောင်းရှိပါလိမ့်မယ်။ ရိုးသားဖြောင့်မတ်ပြီး စစ်မှန်တဲ့မိတ်ဆွေတစ်ဦးအနေနဲ့ ဆက်လက်ကူညီထောက်ပံ့သွားပါမယ်"ဟု ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့်ပတ်သက်၍ "မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့ အတူတကွပူးပေါင်းလုပ်ဆောင်နိုင်မယ့် နည်းလမ်းများစွာရှိပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးကို တိုးတက်အောင်ဆောင်ရွက်ရန် အသုံးဝင်မယ့် နည်းပညာနဲ့ ကျွမ်းကျင်မှုများ နော်ဝေနိုင်ငံမှာရှိပါတယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ လုပ်ငန်းများ အတူတကွတိုးချဲ့ဆောင်ရွက်ရန် မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဟာ မြန်မာနိုင်ငံသားတိုင်း ဦးစားပေးလုပ်ငန်းများထဲက တစ်ခုဆိုတာကို ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။ ကျွန်တော်တို့လည်း ဒီလိုခံယူချက်မျိုးရှိပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာကျန်ရှိနေတဲ့ အလွန်ကြီးမားသော ကွဲပြားခြားနားတဲ့ သစ်ပင်နဲ့ သတ္တဝါမျိုးစိတ်များတည်ရှိရာ ဗဟိုအချက်အချာတစ်ခုဖြစ်ပါတယ်။ နော်ဝေနိုင်ငံရဲ့အတွေ့အကြုံများမှ ယခုကိစ္စနဲ့ပတ်သက်ပြီး တန်ဖိုးရှိတဲ့အကြံဉာဏ်များ၊ ကျွမ်းကျင်မှုများကို မျှဝေပေးရာမှာ အသုံးတည့်လိမ့်မယ်လို့မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲမည့် စွမ်းအင်ထုတ်လုပ်ရရှိရေးနဲ့ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးတို့သည် မရှိမဖြစ်လိုအပ်ချက်များဖြစ်ကြောင်း၊ ဤနယ်ပယ်များအတွက် နည်းပညာနှင့် ကျွမ်းကျင်မှုအထောက်အကူများ မျှဝေပေးရန် နော်ဝေနိုင်ငံက အသင့်ရှိကြောင်း"ဖြင့် ပြောကြားသည်။

နော်ဝေနိုင်ငံမှ ထောက်ပံ့ပေးအပ်မည့် ပညာသင်ဆုအစီအစဉ်နှင့် ပတ်သက်၍ "မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ ကျွန်တော်နဲ့ အသက်အရွယ်တူတဲ့သူတွေလက်ထဲမှာ မရှိပါဘူး။ မျိုးဆက်သစ်လူငယ်တွေရဲ့ လက်ထဲတွင်သာရှိပါတယ်။ ဒီအခြေအနေနဲ့ဆက်စပ်ပြီး မြန်မာနိုင်ငံ ကျောင်းသားကျောင်းသူတွေအတွက် နော်ဝေနိုင်ငံမှ ထောက်ပံ့မည့် ပညာသင်ဆုရန်ပုံငွေမတည်ထားကြောင်း ယနေ့အခမ်းအနားမှာ ကြေညာအပ်ပါတယ်။ ဤရန်ပုံငွေကို ဒေးဗစ်တော ပညာသင်ဆုဟု အမည်ပေးချင်ပါတယ်။ ဒေးဗစ်တောဟာ ဒီတက္ကသိုလ်ကဘွဲ့ရခဲ့တဲ့ ထင်ရှားကျော်ကြားတဲ့ကျောင်းသားတစ်ဦး ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိရေးအတွက် ဆုံးဖြတ်ချက်ချပြီး မယိမ်းမယိုင် တစ်သက်လုံးကြိုးစားအားထုတ်ခဲ့သူ တစ်ဦးဖြစ်ပါတယ်။ ဒေးဗစ်တောကဲ့သို့ ငြိမ်းချမ်းရေးကို လိုလားပြီး ငြိမ်းချမ်းရေးအတွက် အစဉ်တစိုက်ကြိုးစားအားထုတ်ရန် ခိုင်မာသောဆုံးဖြတ်ချက်ချထားတဲ့ မည်သည့်ကျောင်းသူ ကျောင်းသားမဆို ဤပညာသင်ဆုကို လျှောက်ထားနိုင်ပါတယ်။ ဤပညာသင်ဆုကို အသုံးပြုပြီးသမိုင်းနှင့် လူမှုဆိုင်ရာဘာသာရပ်များကို ဝိဇ္ဇာနှင့် မဟာဝိဇ္ဇာအတန်းများတွင် တက်ရောက်သင်ကြားနိုင်ပါတယ်။ အရာခပ်သိမ်း အောင်မြင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။ မြန်မာနိုင်ငံဟာ တိုင်းပြည်ကို ပြောင်းလဲရန်လုပ်ဆောင်နေရုံတင်မကပါဘူး၊ နက်နဲသိမ်မွေ့ပြီး ငြိမ်းချမ်းတဲ့အပြောင်းအလဲဖြစ်နိုင်တယ်ဆိုတာကို တစ်ကမ္ဘာလုံးကို ပြနေခြင်းဖြစ်ပါတယ်"ဟု အကျယ်တဝင့် ပြောကြားသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ရွာအခြေပြု အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နော်ဝေနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

နော်ဝေနိုင်ငံ ပဥ္စမမြောက်ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့သည် အခမ်းအနားအပြီးတွင် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဆက်လက်တွေ့ဆုံခဲ့သည်။ **(ခင်မောင်ထွေး၊ နန္ဒာဝင်း)**

---

**❋ မြန်မာလူငယ်မှ**

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ လူငယ်ကျောင်းသား ကျောင်းသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နော်ဝေနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသူ ကရင်ပြည်သူ့ပါတီမှ ဒေါ်နန့်ခင်အေးဦးက "ကျွန်မတို့ဆီက ကလေးတွေကတော်ကြပါတယ်။ ပညာရေးမှာ ငွေကုန်ကြေးကျများတော့ အချို့က ဆက်ပြီးမလိုက်နိုင်တာတွေရှိတယ်။ ဒီလိုဖောင်ဒေးရှင်းတွေပေါ်လာတာ ဝမ်းသာပါတယ်။ ကျောင်းသားတွေအတွက် အခွင့်အရေးတွေပိုရလာတာပေါ့" ဟု ပြောကြားသည်။

ဒေးဗစ်တော(David Taw)သည် ၁၉၄၈ ခုနှစ်တွင် မွေးဖွားခဲ့သူ မြန်မာပြည်ဖွားတိုင်းရင်းသားတစ်ဦးဖြစ်ပြီး ရန်ကုန်မြို့ရှိ ကရင်လူထုကြားတွင် ကြီးပြင်းခဲ့သည်။ ရန်ကုန်တက္ကသိုလ်ဘွဲ့ရကျောင်းသားတစ်ဦးဖြစ်ပြီး ငြိမ်းချမ်းရေးရရှိရေးအတွက် ဆုံးဖြတ်ချက်ချပြီး မယိမ်းမယိုင် တစ်သက်တာလုံး ကြိုးစားအားထုတ်ခဲ့သူတစ်ဦးဖြစ်သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်ခဲ့သည်။ ဒေးဗစ်တောသည် ပိုမိုကောင်းမွန်သော အနာဂတ်ကိုတည်ဆောက်ရာတွင် ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မဆုတ်မနစ်လုပ်ဆောင်ခြင်းလမ်းစဉ်ကို ကိုယ်စားပြုခဲ့သည်။ ထို့ကြောင့် ဒေးဗစ်တောကဲ့သို့ တက်ကြွသောစိတ်ဓာတ်ကို ဆက်လက်ရှင်သန်စေရန်အတွက် ဒေးဗစ်တောပညာသင်ဆုကို ပေးအပ်ခြင်းဖြစ်ကြောင်းသိရသည်။

**(နန္ဒာဝင်း)**

ပြည်တွင်းရေးရာ

# နော်ဝေနိုင်ငံ ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာ ရွှေတိဂုံစေတီတော်မြတ်အား လှည့်လည်ကြည့်ညို



**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် နော်ဝေနိုင်ငံဘုရင်သည် အာရုံခံတန်ဆောင်းရှိ ရွှေတိဂုံစေတီတော်ဧည့်သည်တော် မှတ်တမ်း၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော် နော်ဝေနိုင်ငံ ဘုရင်နှင့်မိဖုရားတို့သည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြ၍ ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းပြီး အဖွဲ့ဝင်များနှင့်အတူ စေတီတော်နှင့် ရင်ပြင်တော်ရှိ သာသနိကအဆောက်အအုံများအား လှည့်လည်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

# အာဆီယံဒေသတွင်းနိုင်ငံများပူးပေါင်းဆောင်ရွက်မည့် အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာဗဟိုဌာနနှင့် အာဆီယံအစိမ်းရောင်စီးပွားရေးဌာနအား နော်ဝေနိုင်ငံဘုရင်နှင့် မိဖုရားတို့ တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂**




နော်ဝေနိုင်ငံပဉ္စမမြောက်ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့သည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသန ဦးစီးဌာနဝင်းအတွင်း တည်ထောင်ထားသည့် အာဆီယံဒေသတွင်း နိုင်ငံများ ပူးပေါင်းဆောင်ရွက်မည့် အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာဗဟိုဌာန (Center of Excellence for Greening) နှင့် အာဆီယံ အစိမ်းရောင်စီးပွားရေးဌာန (The ASEAN Institute for Green Economy) အား ဒီဇင်ဘာ ၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က တက်ရောက်ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် အောင်မြင်စွာထမ်းဆောင်ခြင်းအထိမ်းအမှတ်အဖြစ် အဆိုပါဌာနဖွင့်လှစ်နိုင်ခြင်းသည် အာဆီယံဒေသတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးသည့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။

အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာဗဟိုဌာနနှင့် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန ဖွင့်ပွဲအခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတက အစိမ်းရောင်စီးပွားရေးစတင်အကောင်အထည်ပေါ်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နည်းပညာအရင်းအမြစ်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာလိုအပ်ကြောင်း ပြောကြားချက်များအတိုင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် GEGG တို့ ပူးပေါင်း၍ တည်ထောင် ဖွင့်လှစ်နိုင်မှုအပေါ် ဂုဏ်ယူမိပါကြောင်း။

ယင်းသို့ဖွင့်လှစ်နိုင်ခြင်းအတွက် အရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရာသီဥတုပြောင်းလဲမှုများတွင် အစိမ်းရောင်နည်းပညာစီမံခန့်ခွဲမှု လေ့ကျင့်ပညာပေးသင်ကြားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများ၊ သုတေသနလုပ်ငန်းများတွင် အာဆီယံနိုင်ငံများ၊ အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်အတွက် မိမိတို့သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်နိုင်ရန် ကြိုးစားနေကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နော်ဝေစက်မှုလုပ်ငန်းဝန်ကြီး မစ္စ မော်နီကာမေလန် (Ms. Monica Maeland) က နော်ဝေနိုင်ငံသည် ၂၀၁၁ ခုနှစ်ကတည်းက GEGG အဖွဲ့အစည်းနှင့် စိမ်းလန်းစိုပြည်ရေး၊ ပြန်လည်ဖြည့်စွက်အသုံးပြုနိုင်သည့် စွမ်းအင်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ နော်ဝေနိုင်ငံအား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေရန် အဓိကတွန်းပို့ခဲ့သည်မှာ ရေအားလျှပ်စစ်ဖြစ်ပြီး နော်ဝေနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ရေအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် ရာနှုန်းပြည့်နီးပါးရှိကြောင်း။

ရေအားစွမ်းအင် အရင်းအမြစ်အားနိုင်ငံ၏ လူ့အဖွဲ့အစည်းတစ်ခုလုံးက ပိုင်ဆိုင်ထားပြီး လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် ပြန်လည်အကျိုးပြုသင့်သည်ဟု နော်ဝေအစိုးရက ယုံကြည်ထားကြောင်း၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု လေ့လာသင်ကြားရေးဗဟိုဌာနအား အာဆီယံအစိမ်းရောင်စီးပွားရေးဌာန၏ အဆောက်အအုံတစ်ခုအတွင်း၌ ရုံးခန်းအဖြစ် တည်ရှိစေပြီး ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်မည်ကို သိရှိရ၍ များစွာဂုဏ်ယူမိကြောင်း၊ ယခုလို အရေးပါသည့် ကဏ္ဍဖော်ဆောင်မှုသည် အာရှဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုမည်ဟု ယုံကြည်မိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နော်ဝေဟာရယ်ဘုရင်နှင့် မိဖုရားတို့သည် မော်ကွန်းကမ္ပည်းကျောက်စာနှစ်ချပ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ နော်ဝေဘုရင်နှင့် မိဖုရားတို့သည် ဆိုလာပြားများတပ်ဆင်ထားသော ကားပါကင်၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပြသထားသော သုတေသန လုပ်ငန်းများနှင့် နော်ဝေနိုင်ငံကုမ္ပဏီများမှ ပြသထားသော ပြည့်မြဲစွမ်းအင်ဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ **(ဝဲပုံ)**

ယနေ့ပြုလုပ်သော အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာဗဟိုဌာနနှင့် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ GEGG (Green Economy and Green Growth) တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရဲခေါင်ညွှန့်

# ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် နော်ဝေ INTSOK ကုမ္ပဏီ နည်းပညာဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂**

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် နော်ဝေနိုင်ငံ INTSOK ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ၏ နည်းပညာဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့မှ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ကုမ္ပဏီများမှ ဥက္ကဋ္ဌများ၊ ဒုဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အဆိုပါ ဆွေးနွေးပွဲတွင် INTSOK မှ မန်နေဂျင်းဒါရိုက်တာ Mr. Sjur E. Bratland က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မလေးရှားနိုင်ငံ INTSOK အကြံပေး Mr. Tuan Hai Ewe က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ INTSOK မှ မန်နေဂျင်းဒါရိုက်တာ Mr. Sjur E. Bratland က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နော်ဝေနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Kare Fostervold က ယခုဆွေးနွေးပွဲသည် နော်ဝေနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ နည်းပညာအတွေ့အကြုံများကို မျှဝေပေးသည့် ဆွေးနွေးပွဲဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအခြေအနေနှင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုအနေအထား၊ ရေနက်ပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး နည်းပညာနှင့် အုပ်ချုပ်ပုံစနစ်၊ ရေနံလုပ်ကွက်ရှာဖွေရေးနှင့် ထုတ်လုပ်ရေးတွင် broad-band seismic နည်းပညာသုံးခြင်း၏ အကျိုးရလဒ်၊ ရေနက်ပိုင်းရေနံရှာဖွေရေး၊ အရှေ့တောင်အာရှ လုပ်ကွက်သစ်တွင် လူမှုလုံခြုံရေးနှင့် စီမံခန့်ခွဲရေးစနစ်၊ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ရည် အသုံးချစနစ်၊ ပင်လယ်ရေနက်ပိုင်း လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအသုံးချစနစ်၊ မြန်မာနိုင်ငံတွင် ပင်လယ်ရေအောက် စွမ်းဆောင်နိုင်ရည်အနေအထား၊ ရေနက်ပိုင်း လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာဆိုင်ရာ စံစနစ်အရေးပါပုံနှင့် နော်ဝေနိုင်ငံမှ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့ကို ဆွေးနွေးကြသည်။

"ကျွန်တော်တို့ ကမ်းလွန်လုပ်ငန်း လုပ်ကွက်တွေကို ဖွင့်ထားပေးပြီးပါပြီ။ ကမ်းလွန်မှာ အခု ရေနက်လုပ်ကွက်တွေဖြစ်နေတော့ နည်းပညာအများကြီးလိုတယ်။ နော်ဝေနိုင်ငံက ခေတ်မီနည်းပညာကို သုံးနေတဲ့နိုင်ငံဖြစ်တော့ အတွေ့အကြုံလည်း အများကြီးရှိတယ်။ အခုလို မြန်မာနိုင်ငံမှာ နည်းပညာဆွေးနွေးပွဲ လုပ်ပေးတဲ့အတွက် အရင်တုန်းက လုံးဝမမျှော်လင့်ခဲ့တာ မီတာ ၂၀၀၀၊ ၃၀၀၀ ရေနက်ပိုင်းတွေမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ တွေ့နိုင်ဖို့ အလားအလာ ပိုများမယ်လို့ထင်တယ်၊ ဒါကြောင့်မို့ နော်ဝေနိုင်ငံကို ဖိတ်ကြားပြီး ဆွေးနွေးပွဲလုပ်တာပါ။

နော်ဝေနိုင်ငံရဲ့ ကုမ္ပဏီတစ်ခုက ကျွန်တော်တို့ဆီမှာ တင်ဒါရထားတာရှိတယ်။ သူတို့နဲ့ ပူးပေါင်းလုပ်မယ်ဆိုရင် ကျွန်တော်တို့အတွက် နည်းပညာပိုရမယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့ တွေ့နိုင်တဲ့ အခြေအနေက ပိုများလာမယ်။ အရင်ကဆိုရင် ၁၀ တွင်းတူးရင် ကိုးတွင်းလောက်က လွဲသွားတယ်။ တစ်တွင်းကို အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ကုန်တာ။ ဒီနေရာမှာ နော်ဝေနည်းပညာနဲ့ဆိုရင် ပိုပြီးတော့ အကုန်အကျနည်းမယ်လို့ မျှော်လင့်ရတယ်။ အဲဒီလိုဖြစ်လာရင် ကျွန်တော်တို့ နိုင်ငံအတွက် အကျိုးရလဒ်ကောင်းပါတယ်"ဟု ဆွေးနွေးပွဲ ခေတ္တရပ်နားချိန်တွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ **(ခင်ချိုဝင်း)**

# ဆော့စတင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ရုရှားဖျက်သိမ်း

**အန်ကာရာ ဒီဇင်ဘာ ၂**

ရုရှားနိုင်ငံသည် ဥရောပသို့ ပေးပို့မည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း "ဆော့စတင်း" စီမံကိန်းကို ဖျက်သိမ်းရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း၊ ဘူလ်ဂေးရီးယားနိုင်ငံက ၎င်း၏ အချုပ်အခြာပိုင်နက်နယ်မြေကို ဖြတ်သန်းတည်ဆောက်ခြင်းအား ခွင့်ပြုရန် ဆန္ဒမရှိသည့်အတွက် ဖြစ်ကြောင်း သမ္မတ ဗလာဒီမာပူတင်က တူရကီနိုင်ငံ၌ တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အန်ကာရာမြို့၌ ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပူတင်က ယင်းသို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ဘူလ်ဂေးရီးယားနိုင်ငံက ဆော့စတင်း ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို မူလက လက်ခံခဲ့သော်လည်း ၎င်း၏ ပိုင်နက်ရေအောက်ကြမ်းပြင်အား ဖြတ်သန်းမည့် ပိုက်လိုင်းတည်ဆောက်မှုကို ရပ်ဆိုင်းရန် လွန်ခဲ့သည့် ဇွန်လတွင် တောင်းဆိုခဲ့သည်။

၎င်းအနေဖြင့် ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုခဲ့လျှင် ဥရောပသမဂ္ဂ (အီးယူ)အဖွဲ့ဝင် နိုင်ငံဖြစ်သည့် ၎င်းကို ဥရောပကော်မရှင်က ဥပဒေကြောင်းအရ အရေးယူမည်ဟု ခြိမ်းခြောက်ခဲ့သည်။

ဒေါ်လာဘီလီယံ ၂၀ ကုန်ကျမည့် ယင်းစီမံကိန်းအရ ဓာတ်ငွေ့ပိုက်လိုင်းသည် တူရကီနိုင်ငံ ပင်လယ်နက်ရေပြင်အောက်မှနေ၍ ဘူလ်ဂေးရီးယား၊ ဆားဘီးယား၊ ဟန်ဂေရီ၊ ဆလိုဗေးနီးယားတို့ကို ဖြတ်သန်းကာ ဩစတြီးယားအထိ ရောက်ရှိမည်ဖြစ်သည်။ ၎င်းနိုင်ငံများမှ တစ်ဆင့်ဥရောပအဓိကဓာတ်ငွေ့ပိုက်လိုင်းကွန်ရက်ကို ဆက်သွယ်မည်ဖြစ်သည်။

ရုရှားက တူရကီနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်ဟု ပူတင်က ကတိကဝတ်ပြုခဲ့ပြီး ပင်လယ်နက်မှတစ်ဆင့် တူရကီနိုင်ငံသို့ ရုရှားဓာတ်ငွေ့ပေးပို့လျက်ရှိသည့် ပိုက်လိုင်း၏ ပို့နိုင်သော ပမာဏကို တိုးချဲ့ရန် အစီအစဉ်ကိုလည်း ကြေညာခဲ့သည်။

ဇန်နဝါရီ ၁ ရက်မှစ၍ တူရကီနိုင်ငံသို့ ပေးပို့သည့် ရုရှားဓာတ်ငွေ့ဈေးနှုန်းကိုလည်း ခြောက်ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ကြောင်း ပူတင်က ပြောခဲ့သည်။

**အီးအက်ဖ်အီး။**



# နျူကလီးယားသယ်ဆောင်နိုင်သော မဟာဗျူဟာဒုံးကျည် အိန္ဒိယ အောင်မြင်စွာစမ်းသပ်

**မွမ်ဘိုင်း ဒီဇင်ဘာ ၂**

အိန္ဒိယနိုင်ငံသည် နျူကလီးယားသယ်ဆောင်သော အဂ္ဂနိ-၄ မဟာဗျူဟာဒုံးကျည်ကို ဒီဇင်ဘာ ၂ ရက်က နိုင်ငံအရှေ့ပိုင်း ဩရိဿကမ်းခြေတွင် အောင်မြင်စွာစမ်းသပ်ပစ်ခတ်ခဲ့သည်။ အဆိုပါ ဒုံးကျည်ကို ရွေ့လျားဒုံးပစ်စင်တစ်ခုနှင့်သယ်ဆောင်သွားခဲ့ပြီး ဝီလာကျွန်းရှိ ဒုံးပစ်စမ်းသပ်ကွင်း အမှတ်(၄)တွင် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံသတင်းမီဒီယာများက ရေးသားဖော်ပြသည်။

ခေတ်မီဆန်းသစ်သော အဆိုပါ မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်တွင် ခေတ်မီအဆင့်မြင့် တိုက်ခိုက်ရေးနည်းပညာများ အပြည့်အစုံတပ်ဆင်ထားသည်ဟု သတင်းများတွင် ဖော်ပြသည်။

သတင်းမီဒီယာများ၏ ဖော်ပြချက်များအရ အဂ္ဂနိ-၄ ဒုံးကျည်တွင် အီလက်ထရွန်နစ်နည်းပညာများ၊ ပဉ္စမမျိုးဆက်ကွန်ပျူတာတည်ဆောက်မှုနည်းပညာများနှင့် နောက်ဆုံးပေါ် ပျံသန်းမှုလမ်းညွှန်ချက်ပါနည်းပညာများ တပ်ဆင်ထားသည်ဟု ဆိုသည်။

တိကျသော လေဆာစနစ်အခြေခံလေကြောင်းပျံသန်းမှုနည်းပညာများနှင့် နည်းပညာအဆင့်မြင့်မားသော မိုက္ကရိုလေကြောင်းပျံသန်းမှုနည်းပညာများက ဒုံးကျည်၏ ပစ်မှတ်ကို စက္ကန့်ပိုင်းအတွင်း တိကျစွာ ပစ်ခတ်နိုင်စွမ်းရှိသည်ဟု သတင်းများတွင် ဖော်ပြသည်။

ယခုဒုံးကျည် စမ်းသပ်ပစ်ခတ်မှုမှာ ယခုနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်စမ်းသပ်မှုကို အဆိုပါနေရာ၌ပင် ဇန်နဝါရီ ၂၀ ရက်က အောင်မြင်စွာ စမ်းသပ်ပြီးဖြစ်သည်။

**ဆင်ဟွာ။**

# အိုင်အက်စ်အဖွဲ့ခေါင်းဆောင်၏ ဇနီးနှင့်သားတို့အား ဖမ်းဆီးထားကြောင်း လက်ဘနွန် အတည်ပြုပြောကြား

**ဘေရွတ် ဒီဇင်ဘာ ၂**

အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)၏ ခေါင်းဆောင်အဘူဘေကါအယ်လ်ဘက်ဒါဒီ၏ ဇနီးနှင့်သားဖြစ်သူတို့အား လက်ဘနွန်နိုင်ငံက ဖမ်းဆီးထားကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

၎င်းတို့အား ဖမ်းဆီးထားသည်ဟု အင်န်ဘီစီသတင်းဌာန၏ ဖော်ပြချက်အား လက်ဘနွန် ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုခဲ့ပြီး လက်ဘနွန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အနစ်ခါယူရီက ၎င်းတို့အား လက်ဘနွန် စစ်ဘက်က စုံစမ်းစစ်ဆေးရန် စီစဉ်ထားကြောင်း ပြောကြားပြီး အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

လက်ဘနွန်နိုင်ငံတွင် ထုတ်ဝေသော နေ့စဉ်သတင်းစာ အက်စ်ဆာဖိယာ၌ အိုင်အက်စ်ခေါင်းဆောင် ဘက်ဒါဒီ၏ ဇနီးနှင့်သားဖြစ်သူတို့အား ဆီးရီးယားနယ်စပ်အနီး နယ်စပ်ဖြတ်ကျော်စခန်း၌ ဖမ်းဆီးမိခဲ့သည်ဟု ဖော်ပြပြီး ယင်းသို့ ဖမ်းဆီးခြင်းမှာ နိုင်ငံခြားထောက်လှမ်းရေးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြသည်။

ပြင်သစ်နိုင်ငံတွင် ထုတ်ဝေသည့် နေ့စဉ်သတင်းစာ လီမွန်းက အိုင်အက်စ်ခေါင်းဆောင် အယ်လ်ဘက်ဒါဒီအား အယ်ခိုင်ဒါအဖွဲ့အား နှစ်ပေါင်းများစွာ ဦးဆောင်ခဲ့သည့် ဘင်လာဒင်နှင့်နှိုင်းနှိုင်းကာ ဘင်လာဒင်လက်သစ်ဟု ဖော်ပြသည်။

**အေပီ။**



**အိုင်အက်စ်ခေါင်းဆောင် အယ်လ်ဘက်ဒါဒီ။**

# ကင်ညာတွင် ကျောက်ကျင်းအလုပ်သမား ၃၆ ဦးကို အယ်လ်ရှာဘတ်အုပ်စု သတ်ဖြတ်

**မန်ဒီရာ ဒီဇင်ဘာ ၂**

ကင်ညာနိုင်ငံ မန်ဒီရာမြို့အနီးတွင် အစ္စလာမ်ဘာသာဝင် မဟုတ်သည့် ကျောက်ကျင်းအလုပ်သမား ၃၆ ဦးကို ဆိုမာလီသူပုန်အဖွဲ့ အယ်လ်ရှာဘတ်အုပ်စုက အင်္ဂါနေ့တွင် သတ်ဖြတ်ခဲ့ကြကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အစ္စလာမ်ဘာသာဝင်မဟုတ်သူများကို အစ္စလာမ်ဘာသာဝင်များနှင့် သီးခြားစီခွဲပြီးနောက် အယ်လ်ရှာဘတ်အုပ်စုမှ စစ်သွေးကြွများက သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံများက ပြောသည်။



မန်ဒီရာမြို့မှ ကိုးမိုင်ဝေးသော ကော်မေးရှိ ကျောက်ကျင်းစခန်းတွင် တဲများအတွင်း၌ အိပ်နေကြသူများကို ညသန်းခေါင်ကျော်အချိန်တွင် ဖမ်းဆီးခေါ်ဆောင်ပြီး အင်္ဂါနေ့နံနက်စောစောတွင် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့သူများက ပြောသည်။

သေဆုံးသူအများစုကို တန်းစီထားရှိကြောင်း၊ ဦးခေါင်းကို အနီးကပ်သေနတ်ဖြင့် ပစ်ခြင်းဖြစ်ကြောင်း တိုက်ခိုက်မှုဖြစ်ပွားရာနေရာသို့ ရောက်ရှိသူတစ်ဦးက ဘီဘီစီသို့ ပြောသည်။

လေးဦးကိုမူ ၎င်းတို့၏ တဲများအတွင်း၌ပင် ခေါင်းဖြတ်သတ်ခဲ့ပြီး သုံးဦးမှာမန်ဒီရာမြို့သို့ ထွက်ပြေးလွတ်မြောက်ခဲ့ဟန်တူကြောင်း ၎င်းကပြောသည်။

အယ်လ်ရှာဘတ်အုပ်စုက ၎င်းတို့ တိုက်ခိုက်ခြင်းဖြစ်ပြီး ဆိုမာလီနိုင်ငံအတွင်း ကင်ညာတပ်ဖွဲ့များ ပါဝင်စွက်ဖက်မှုကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဘီဘီစီ။**

# အိန္ဒိယနှင့် ပြင်သစ် လေယာဉ်ရောင်းချရေး သဘောတူညီချက်ရရှိ

**နယူးဒေလီ ဒီဇင်ဘာ ၂**

တိုက်ခိုက်ရေးဂျက်လေယာဉ် ၁၂၆ စင်းကို ပြင်သစ်နိုင်ငံက အိန္ဒိယသို့ ရောင်းချရန် သဘောတူညီခဲ့သည်။ ယင်းသဘောတူညီချက်သည် အမေရိကန်ဒေါ်လာ ၁၅ သန်း တန်ဖိုးရှိသည်။

အဆိုပါသဘောတူညီချက်အား အိန္ဒိယသို့ အလည်အပတ် ရောက်ရှိနေသော ပြင်သစ်ကာကွယ်ရေးဝန်ကြီး ယွန်ခိုင်ဘတ်လီဒါရင်နှင့် အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီး မန်ဒိုဟာပရီကာတို့က တနင်္လာနေ့တွင် နယူးဒေလီ၌ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဖက်သဘောတူခဲ့ကြပြီး မည်ကဲ့သို့ပင် ကွဲပြားခြားနားခြင်းရှိစေကာမူ ပြဿနာတိုင်းကို လျင်မြန်သော နည်းလမ်းဖြင့် ဖြေရှင်းမည်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

၂၀၁၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံက ပြည်ပလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများကို တင်ဒါခေါ်ယူစဉ်က ပြင်သစ်ကုမ္ပဏီ Dassaut Aviation သည် ပါဝင်ယှဉ်ပြိုင်ရန် အခက်အခဲများစွာရှိခဲ့သည်။

**ဆင်ဟွာ။**

# အာဖဂန်တွင် အစိုးရ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် တာလီဘန်တပ်မှူးတစ်ဦး သေဆုံး

**ဂျလာလာဘတ် ဒီဇင်ဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော် အရှေ့ဘက် ကီလိုမီတာ ၁၂၀ အကွာအဝေးရှိ နန်ဂါဟာ ပြည်နယ်မြို့တော် ဂျလာလာဘတ်တွင် တနင်္လာနေ့ နှောင်းပိုင်း လေကြောင်းတိုက်ခိုက်မှုများအတွင်း ထိပ်တန်းတာလီဘန်တပ်မှူးတစ်ဦးဖြစ်သူ ဇာကွာဝီနှင့် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ထောက်လှမ်းရေးသတင်းအရ လုံခြုံရေးတပ်ဖွဲ့သည် ရှာဇတ်ခရိုင် ဆော်ကော့နယ်မြေတွင် ဒီဇင်ဘာလ ၁ ရက်နေ့နှောင်းပိုင်းက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အမည်ဆိုးဖြင့် ကျော်ကြားသည့် တပ်မှူး ဇာကွာဝီ အပါအဝင် အကြမ်းဖက်သောင်းကျန်းသူ ကိုးဦး သေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟာဇတ်မာရှီရီကွီဝယ်က သတင်းထောက်များကို ပြောကြားသည်။ ဇာကွာဝီကို သုတ်သင်ရှင်းလင်းခြင်းမှာ နန်ဂါဟာနှင့် အိမ်နီးချင်းပြည်နယ်များဖြစ်သည့် ကူနာနှင့် နူရစ္စတန်များရှိ တာလီဘန်စစ်သွေးကြွများအတွက် အဓိကထိုးနှက်ချက်တစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေသခံများ၏အဆိုအရ ဇာကွာဝီသည် လမ်းဘေးဗုံးထောင်မှုများ၊ အသေခံဗုံးခွဲမှုများတွင် ပါဝင်ပတ်သက်သည့်အပြင် သူ၏ ပစ်မှတ်များကို ဖျက်ဆီးပါက ခေါင်းဖြတ်သတ်ကြောင်း သိရသည်။

**ဆင်ဟွာ။**



# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖိုသိုလစ်သိုစက်ရုံ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ ဖိုသိုလစ်သိုစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

စက်ရုံရှင်းလင်းဆောင်၌ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာနှင့် စက်ရုံမှူးတို့က ကျောင်းသုံးဗလာစာအုပ် ထုတ်လုပ်မှုအခြေအနေ၊ ပတ်လည်စက်အသစ် တပ်ဆင်ထားရှိမှုတို့ကို တင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ချိန်ကာလထက် စောစီးစွာပြီးစီးရေး၊ ကျောင်းသုံးစာအုပ်များ အရည်အသွေးမီ ထုတ်လုပ်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးလုံခြုံရေး အထူးအလေးထားဆောင်ရွက်ရေး၊ ထုတ်ကုန်များ သက်ဆိုင်ရာများသို့ အချိန်မီပို့ဆောင်ရေး၊ နိုင်ငံပိုင်ငွေ/ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိရေး၊ ငွေကြေးသုံးစွဲမှုများတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြရေး၊ စက်ရုံမှူးများကလည်း ဝန်ထမ်းများနှင့် အမြဲထိတွေ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကိုမှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အစည်းအဝေးခန်းမ၌ မြန်မာ့အလင်း၊ ကြေးမုံ၊ ဂလိုဘယ်လ်နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သတင်းစာများကို ပုံနှိပ်အရည်အသွေးကောင်းမွန်စွာ ရိုက်နှိပ်ရေး၊ ပြည်သူများလက်ဝယ်သို့ ဆောလျင်စွာရောက်ရှိအောင် ဖြန့်ချိနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**

# ယူနန်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ရတနာပုံအသင်းထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂**

တရုတ်နိုင်ငံတွင် ကျင်းပမည့် ယူနန်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် ရတနာပုံအသင်းသည် ယနေ့နံနက်ပိုင်းက ထွက်ခွာသွားသည်။

ပြိုင်ပွဲဝင်မည့် ရတနာပုံအသင်းတွင် အုပ်ချုပ်သူ ဦးအောင်ထွန်းဦး၊ နည်းပြချုပ် ဦးခင်မောင်တင်၊ နည်းစနစ်ဒါရိုက်တာ ဦးတင်ဟန်၊ လက်ထောက်နည်းပြ ဦးဇော်လေးအောင်၊ ဦးမြင့်ကို၊ ဂိုးနည်းပြ ဦးစိုင်းမောင်မောင်ဦး၊ ကစားသမားများအဖြစ် ဂိုး-သီဟစည်သူ၊ ညီညီလွင်၊ နောက်တန်း-ရဲဝင်းအောင်၊ ဟိန်းနေဆန်း၊ စည်သူအောင်၊ နေမျိုးအောင်၊ အောင်မျိုးလွင်၊ ထွန်းငြိမ်း၊ ဇော်ရဲထွန်း၊ အလယ်တန်း-သက်နိုင်၊ ရဲကိုဦး၊ နန္ဒလင်းကျော်ချစ်၊ မက်ဆီမင်၊ လှိုင်းဘိုဘို၊ ဝင်းနိုင်စိုး၊ ရှေ့တန်း-ရန်ပိုင်၊ ဇင်မင်းထွန်း၊ ရှိုင်းသူရနှင့် မင်းဌေးကျော်တို့ ပါဝင်ကြသည်။ ဆူဇူကီးဖလားပြိုင်ပွဲဝင် လက်ရွေးစင်အသင်းမှ တင်ဝင်းအောင်နှင့် ဇော်မင်းထွန်းတို့မှာ ဒဏ်ရာပြဿနာများကြောင့် ကျန်ရစ်ခဲ့ပြီး နိုင်ငံခြားသားများဖြစ်သည့် ဟက်ပီနက်နှင့် ပိုဒေးတို့မှာ ဗီဇာအခက်အခဲကြောင့် လိုက်ပါနိုင်ခြင်းမရှိခဲ့ပေ။

ယူနန်ဖိတ်ခေါ်ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံဒေသတွင်းမှ ရတနာပုံ(မြန်မာ)၊ မြောင်တောင်ယူနိုက်တက်(ထိုင်း)၊ ဟန္ဓိုင်းT&T ဗီယက်နမ်၊ ဆားဘား(မလေးရှား)၊ ဖနွမ်းပင်ခရောင် (ကမ္ဘောဒီယား)၊ လာအိုလက်ရွေးစင်အသင်းနှင့်အတူ ယူနန်အခြေစိုက် ကလပ်အသင်းနှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ၂၀၀၂ ခုနှစ်က မြန်မာ့လက်ရွေးစင်အသင်း၊ ၂၀၁၂ ခုနှစ်က မနောမြေအသင်း၊ ၂၀၁၃ ခုနှစ်က ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**(ရှိုင်းထက်ဇော်)**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်
INTERNATIONAL DAY OF PERSONS WITH DISABILITIES
3rd December, 2014
" စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင်၊နည်းပညာစွမ်းအားရလဒ်ဆောင် "
"Sustainable Development : The Promise of Technology"
U N D P

# စစ်သူကြီးမဟာဗန္ဓုလ မြင်းစီးရုပ်တုနှင့် ကလေးမြို့ကျက်သရေဆောင် မြို့တော်ခန်းမ

**ကလေး ဒီဇင်ဘာ ၂**

ပြည်သူများအား ဇာတိသွေးဇာတိမာန်ကို ဝင့်ဝင့်ကြွားကြွားပြသသည့် စစ်သူကြီးမဟာဗန္ဓုလမြင်းစီးရုပ်တုကြီးကို ကလေးမြို့ ယခင်လမ်းဆုံအဝိုင်းပတ်နေရာ၌ ၁၉၉၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် တည်ဆောက်ထားပြီး ယခုအချိန်တွင် ကလေးမြို့လမ်းဆုံ အဝိုင်းပတ်နေရာမှ မြန်မာ-အိန္ဒိယချစ်ကြည်ရေးလမ်းမဘေးရှိ မြို့၏ကျက်သရေဆောင်မြို့တော်ခန်းမရှေ့၌ လမ်းမကြီးဘက်သို့ မျက်နှာမူလျက် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ပြောင်းရွှေ့ထားရှိခဲ့သည်။



"ပေါ့ပေါ့ဆဆပြုလျှင် ငါတို့တစ်မျိုးလုံး သူတို့၏ကျွန်ဘဝ ရောက်ကြလိမ့်မည်။ မိစ္ဆာမျိုးတို့၏ကျွန်ဖြစ်ရခြင်းထက် မြန်မာ့ဂုဏ်မညှိုးရန် တိုက်ရင်းခိုက်ရင်းလဲ၍သေရသည်က သမိုင်းပြောင်မြောက်၍ မြတ်ပေသေး၏"ဟု မိန့်ဆိုထားသူစစ်သူကြီးသတိုးသုဓမ္မမဟာဗန္ဓုလသည် အဘဦးပေါက်ကောနှင့် အမိ ဒေါ်မိငြိမ်တို့မှ ၁၁၄၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့တွင် အလုံတိုက်နယ် ငပယင်းရွာ၌ မွေးဖွားခဲ့ပြီး ငယ်နာမည်မှာ မောင်ရစ်ဖြစ်သည်။

စစ်သူကြီးမဟာဗန္ဓုလသည် အရပ် ၅ ပေ ၆ လက်မခန့်ရှိပြီး အသားညို၍ ခန္ဓာကိုယ် တုတ်တုတ်ခိုင်ခိုင်နှင့် ကြံ့ခိုင်မာကျောသူဖြစ်သည်။ မဟာဗန္ဓုလသည် သူရဲကောင်းဘွဲ့ မြောက်မြားစွာရရှိသူဖြစ်ရာ ၁၁၇၅ ခုနှစ်တွင် နေမျိုးသူရရဲခေါင်ဘွဲ့၊ ၁၁၈၄ ခုနှစ်တွင် အဂ္ဂမဟာ သေနာပတိဝန်ကြီးဘွဲ့နှင့် မဏိပူရတိုက်ပွဲအောင်မြင်သဖြင့် မဟာဗန္ဓုလဘွဲ့များ ရရှိခဲ့သည်။

စစ်သူကြီးမဟာဗန္ဓုလသည် ၁၁၇၈ ခုနှစ်တွင် မဏိပူရကို ချီတက်သိမ်းပိုက်အောင်မြင်ခဲ့သည့်အပြင် ကတ်စိန်တောင်တိုက်ပွဲ၊ အာသံတိုက်ပွဲ၊ စစ်တကောင်းနှင့် ပန်းဝါတိုက်ပွဲကြီးများ အပါအဝင်တိုက်ပွဲငယ်များစွာလည်း အောင်မြင်ခဲ့သူဖြစ်သည်။

ထိုသို့ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းမမှ ကလေးမြို့သို့ ဝင်လာကြသော ပြည်သူများသည် အဆိုပါဗန္ဓုလမြင်းစီးရုပ်တုကြီးကို ရှုမြင်ခြင်းအားဖြင့် မြို့ကျက်သရေဆောင်မြို့တော်ခန်းမနှင့် ပနံရ တင့်တယ်လှသည်ဟုဆိုကြပြီး ပြည်သူများ၏ စိတ်နှလုံးကိုလည်း ဇာတိသွေးဇာတိမာန် အလွန်တက်ကြွစေကာ ကလေးမြို့၏ တိုးတက်သာယာလှပမှု၊ တည်ငြိမ်အေးချမ်းမှုများကိုထိန်းသိမ်းစောင့်ရှောက်ရန် ချီတက်သွားကြစို့ဟုဆိုသည့်အလား အမျိုးဂုဏ်ဇာတိဂုဏ်ကို မြင့်မားစေသည့်စိတ် တိုးပွားစေခဲ့ပါသည်။

ယခုအချိန်တွင် နှစ်တွေကြာညောင်းခဲ့သော်လည်း အမိနိုင်ငံ၏ နောင်လာနောက်သားများ စိတ်နှလုံးထဲ၌ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် တက်ကြွစေရေးအတွက် ဇာတိသွေးဇာတိမာန် တက်ကြွစွာပြသခဲ့သည့် စစ်သူကြီးမဟာဗန္ဓုလမြင်းစီးရုပ်တုကြီးကို ကလေးမြို့ပြည်သူတစ်ရပ်လုံးက မြတ်နိုးဂုဏ်ယူစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက် ဂုဏ်ပြုသင့်ပါသည်ဟု မြို့မိမြို့ဖတစ်ဦးက ပြောသည်။

စစ်သူကြီးသတိုးသုဓမ္မမဟာဗန္ဓုလသည် အိမ်သူသက်ထားရှင်မင်းတူးနှင့် စိတ်တူကိုယ်တူ ရဲဝံ့စွာအတူလက်တွဲရင်း ဓနုဖြူခံတပ်၌ နယ်ချဲ့ဗြိတိသျှတို့အား ရဲရဲဝင့်ဝင့် သတ္တိရှိရှိတိုက်ပွဲဆင်နွှဲနေစဉ် ၁၁၈၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့တွင် အမိမြေအတွက် အသက်စွန့်သွားခဲ့ကြောင်း သိရသည်။

**(ဂျူနိုင်း)**

သချာအောင်သင်း
ကျော်
ဝင်ခွင့်
ရာထူးဝန်အဖွဲ့မှခေါ်သောရာထူးဝင်အားလုံး
လ/ထဆရာဝန်၊ထွေအုပ်၊အမျိုးသားစီမံကိန်း၊လှူ/ကယ်
ပုံမှန်နှင့်အနီးကပ်သင်တန်းများဖွင့်ပြီ။
၁၀၃၊ အနော်ရထာလမ်းမကြီး။ ၃၈လမ်းထိပ်၊ ရန်ကုန်။
Ph:01-389370,09421042332,09420005131

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်နှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

Royal Silver Swan Travel & Tours Co.,Ltd
Silver Swan
Your journey start here
Happy New Year Countdown
ဗန်ကောက်-ပတ္တရား အထူးခရီးစဉ်
(၃ညအိပ်/၄ရက်) 31 Dec, 2014 - 3 Jan,2015
➤ မြဘုရား၊ ဘုရင့်နန်းတော်၊ Dream World, Safari World,
➤ Tiger Zoo, Coral Island, Alcazar Show,
➤ Pattaya Walking Street, Famous Shopping Malls
3 Star Hotel / စရိတ်ငြိမ်း USD 620 $
Hot Line :09-43177431,09-5034639,09-31223453
09-448538650, 09-32106067, 09-7326362

UNIQUE TRAVELS & TOURS CO.,LTD. UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [ Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Dec: 6,13,20,27/ Jan:3,10,17,24,31 (300,000)
ကူမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Dec: 13,27/ Jan: 10,24 / Feb :14,28 / Mar :14,28 (400,000)
ဥရောပ(10) နိုင်ငံ ဂျပန်+ကိုရီးယား ကိုရီးယား ပီကင်း ဗုဒ္ဓဂါယာ
သြစတြေးလျ စင်ကာပူ+မလေး ဂျပန် ဟောင်ကောင် ဒူဘိုင်း
အမေရိကား ဘာလီကျွန်း ဖူးခက် ရုရှား တောင်အာဖရိက
ထိုင်ဝမ် ဗီယက်နမ်+ကမ္ဘောဒီးယား စင်ကာပူ မော်လဒိုက် ဘူတန်
No.(70/A), Kabaaye Pagoda Rd, Bahan Tsp, Yangon. Ph: 860 4964, 860 4965, 860 4966. 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 09514 8079
UNIQUE TRAVELS & TOURS CO.,LTD.
တောင်ကြီး: Dec:24 (165,000)
ပုဂံ၊မန္တလေး:Dec:24 (165,000)
ချောင်းသာ Daily (75,000)
Dec:24 (Hotel Max) (80,000)
ငွေဆောင် Daily (80,000)
ငပလီ Daily (280,000)
(Merciel Hotel & Resort)

# အရေးပေါ်သားဖွားပြုစုစောင့်ရှောက်ခြင်းနှင့် မွေးကင်းစကလေးစောင့်ရှောက်မှု လက်တွေ့သင်တန်းကြောင့် ကျေးလက်ဒေသများပါ အကျိုးခံစားရနိုင်

**ရန်ကုန်　　ဒီဇင်ဘာ　၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိသော သူနာပြုသားဖွား သင်တန်းကျောင်းများမှ သင်ကြားရေးဆရာများအတွက် ဆေးသိပ္ပံပညာဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)တို့ ပူးပေါင်း၍ အခြေခံအရေးပေါ်သားဖွားပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ပညာရပ်များ၊ မွေးကင်းစကလေးပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ပညာရပ်များကို လက်တွေ့သင်ကြားပေးခြင်းကြောင့် ကျေးလက်ဒေသများ၌ပါမကျန် နိုင်ငံတစ်ဝန်းလုံးတွင် အကျိုးခံစားရနိုင်မည်ဟု သိရသည်။

အဆိုပါသင်တန်းကိုဖွင့်လှစ်ပေးခဲ့ရာ ယခုဆိုလျှင် ပဉ္စမအကြိမ်မြောက်ရှိလာခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ပွဲကိုလည်း ယမန်နေ့နံနက် ၉ နာရီက သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပခဲ့သည်။ ထိုသင်တန်းမှာ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် မြောက်ဥက္ကလာပသင်ကြားရေးဆေးရုံကြီးတို့တွင် ဆေးပညာရှင်ကြီးများက စာတွေ့၊ လက်တွေ့များနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုပြုလုပ်ကာ လေးလကြာ သင်ကြားပေးခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သူနာပြုသားဖွားသင်တန်းကျောင်းများမှ သင်ကြားရေးဆရာများအနက် ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် ၁၂ ဦးနှင့် မြောက်ဥက္ကလာပသင်ကြားရေးဆေးရုံကြီးတွင် ၁၂ ဦးတို့ကို နှစ်နေရာခွဲကာ တစ်ပြိုင်နက်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ထိုသင်ကြားမှုနှင့်ပတ်သက်၍ ဆေးသိပ္ပံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက မိခင်နှင့် ကလေးစောင့်ရှောက်မှုဘာသာရပ် သင်ကြားရေးအတွက် ဆရာမများ၏ Capacity Building မြှင့်တင်ပေးရန်၊ Basic Emergency Obstetric Care and Essential Newborn Care(BEmOC & ENC)တို့ကို ဆေးပညာရှင်ကြီးများက စာတွေ့၊ လက်တွေ့နှင့် အလုပ်ရုံဆွေးနွေးပွဲများကို အကြိမ်များစွာ ပြုလုပ်သင်ကြားပေးခဲ့ကြောင်း၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်မြှင့်တင်မှု(Third Wave)လုပ်ငန်းစဉ်တွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်မွေးထုတ်မှု၊ အသုံးချမှု၊ နေရာချထားမှု၊ စီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်ခြင်း၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ ပြည်သူလူထုကို အရည်အသွေး ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ထောင်စုနှစ် ကျန်းမာရေးရည်မှန်းချက်အရ မိခင်နှင့်ကလေး သေနှုန်းလျှော့ချရန်ဦးတည်ပြီး Up - Date Skills များရရှိအောင် လိုအပ်ပါကြောင်း၊ အထူးသဖြင့် လူနာနှင့် မိသားစုများအား ဆက်ဆံရာတွင် စေတနာ၊ ကရုဏာ၊ အကြင်နာရှိရှိ မွန်မြတ်သောစိတ်ထားဖြင့် ဆက်ဆံသွားရန်နှင့် သူနာပြုကျင့်ဝတ်ကို အစဉ်သတိရှိရှိ စောင့်ထိန်းကြရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။



ဒေါ်ခင်ခင်လှ၊ နည်းပြ



ဒေါ်နန်းခမ်းနွမ်းယု၊ နည်းပြ

ထိုပဉ္စမအကြိမ်မြောက် သင်တန်းဆင်းအောင်လက်မှတ်အပ်နှင်းပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ နှီးနွှယ်တက္ကသိုလ်နှင့် သူနာပြုတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)မှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၊ ရန်ကုန်မြို့ပေါ်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ သားဖွားမီးယပ်ပညာဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ စသည်ဖြင့် သက်ဆိုင်ရာဌာနအသီးသီးမှ တက်ရောက်ခဲ့ကြသည်။

ထိုသင်တန်းနှင့်ပတ်သက်၍ ပြောကြားချက်များမှာ-

**ဒေါ်ခင်ခင်လှ၊ နည်းပြ**
**စစ်တွေ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း**

ဒီသင်တန်းကြီးဟာ ကျွန်မတို့သင်ကြားရေးဆရာတွေအတွက် တကယ့်ကို ထိရောက်အကျိုးရှိတဲ့သင်တန်းကြီးပါပဲ။ ဒီသင်တန်းကြီးမှာ နိုင်ငံတော်ရဲ့မျှော်မှန်းချက်ဖြစ်တဲ့ ထောင်စုနှစ်ရည်မှန်းချက်ကို အဓိကဆောင်ရွက်နေတာဖြစ်ပါတယ်။ အရည်အချင်းပြည့်ဝတဲ့ သင်ကြားရေးဆရာတွေရှိလာတဲ့အခါ ကျန်တဲ့ မျိုးဆက်သစ်သူနာပြုသားဖွားတွေကိုလည်း အရည်အသွေးပြည့်ဝအောင် ပြန်လည်လက်ဆင့်ကမ်းမွေးထုတ်ပေးနိုင်မှာဖြစ်လို့ အများကြီးအကျိုးရှိစေပါတယ်။

ဒီသင်တန်းမှာ တကယ့်ကို လက်တွေ့ပိုင်းပါလုပ်ခဲ့ရတယ်။ သီအိုရီအနေနဲ့လည်း ခေတ်မီဗဟုသုတတွေ၊ ကျွမ်းကျင်မှုတွေ သင်ကြားခဲ့ရတယ်။ ကျွန်မတို့ဒေသကို ပြန်လည်ရောက်ရှိတဲ့အခါမှာ ကျွန်မတို့ရဲ့ မျိုးဆက်သစ်သူနာပြု သားဖွားလေးတွေကို ကျွန်မတို့တက်ရောက်ခဲ့ရတဲ့ ဒီသင်တန်းကြီးက ရရှိလာတဲ့ ဗဟုသုတတွေ၊ ကျွမ်းကျင်မှုတွေကို ထပ်ဆင့်ဝေမျှသွားမယ်။ အဲဒီလို ဝေမျှလိုက်တဲ့အခါ သူတို့မှာလည်း ဒီလို ခေတ်မီဗဟုသုတတွေရရှိလာပြီး မိခင်နဲ့ကလေး သေနှုန်းလျော့ကျအောင် စောင့်ရှောက်တဲ့နေရာမှာ ပိုမို ထိရောက်အောင်လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်နန်းခမ်းနွမ်းယု၊ နည်းပြ**
**လားရှိုး သူနာပြုနှင့်သားဖွားသင်တန်းကျောင်း**

ကျွန်မတို့ရဲ့ဒေသက သင်တန်းကျောင်းမှာရှိတဲ့ မျိုးဆက်သစ်သူနာပြုသားဖွားသင်တန်းသူလေးတွေကို မိခင်နဲ့ ကလေးစောင့်ရှောက်ရေးရဲ့ အခြေခံကျတဲ့ လက်တွေ့ပညာရပ်တွေကို ထိထိရောက်ရောက်နဲ့ သင်ကြားပေးနိုင်ဖို့ ရည်ရွယ်ပြီး ဒီသင်တန်းကို တက်ရောက်ဖြစ်ခဲ့ပါတယ်။ ဒီသင်တန်းက စာတွေ့ပိုင်းသာမကဘဲ လက်တွေ့ပိုင်းပါ လုပ်ဆောင်ရတဲ့အတွက် ဗဟုသုတပိုပြီးကြွယ်ဝစွာရရှိစေပါတယ်။ မိခင်နဲ့ကလေးသေနှုန်းလျှော့ချဖို့အတွက် အဓိကလုပ်ဆောင်တဲ့လုပ်ငန်းမျိုးဖြစ်တာရယ်၊ ကိုယ်ဝန်ဆောင်မိခင်တွေရဲ့ ကျန်းမာရေးကို မြှင့်တင်ပေးဖို့ သားဖွားခြင်းနဲ့ဆိုင်တဲ့လုပ်ငန်းတွေမှာ ပိုမိုပြီး ကျွမ်းကျင်လာစေပါတယ်။ မွေးကင်းစကလေးသေနှုန်းလျှော့ချဖို့နဲ့ ငါးနှစ်အောက်ကလေး ကျန်းမာရေးမြှင့်တင်ပေးဖို့အတွက် စောင့်ရှောက်မှုတွေ၊ လက်တွေ့လုပ်ငန်းရပ်တွေကို ယခင်ကသိထားတဲ့အတတ်ပညာရပ်တွေထက် ပိုပြီးတော့ အသိပညာသစ်တွေရရှိစေခဲ့တယ်။ ဒီသင်တန်းကရရှိလာတဲ့ အသိပညာသစ်တွေကို ကျွန်မတို့သူနာပြုသားဖွားသင်တန်းကျောင်းမှာရှိကြတဲ့ သူနာပြုသင်တန်းသူတွေကို တစ်ဆင့်ပြန်လည်မျှဝေတဲ့အခါ ပိုပြီးထိရောက်စေတဲ့ အရည်အသွေး ကျွမ်းကျင်မှုမျိုးတွေရှိလာအောင် ပြန်လည်သင်ကြားပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီသင်တန်းပြုလုပ်ပေးခဲ့တဲ့ ဆေးသိပ္ပံပညာဦးစီးဌာနနဲ့ UNFPA တို့ကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

သတင်း - ထက်ခိုင်(စမ်းချောင်း)
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

# မိုးရာသီရေကြီးရေလျှံမှု မဖြစ်ပေါ်ရေး မြောက်ဥက္ကလာပနှင့် ဝေဘာဂီမြို့သစ်ရပ်ကွက် ငါးနေရာတွင် ရေနုတ်တူးမြောင်းနှင့် ရေလှောင်ကန် ငါးခုတည်ဆောက်

**ရန်ကုန်　　ဒီဇင်ဘာ　၂**

မြောက်ဥက္ကလာပမြို့နယ်တွင် ရာသီမရွေး ရေစီးရေလာကောင်းမွန်ရေးအတွက် ရပ်ကွက် ငါးနေရာရှိ တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်နေသော တူးမြောင်းအဟောင်းနေရာတွင် အကျယ်ပေ ၅၀ ရှိ ရေနုတ်တူးမြောင်းနှင့် အကျယ်ပေ ၁၀၀ ရှိ ရေလှောင်ကန် ငါးကန်ကို စက်တင်ဘာ ၂၅ ရက်မှ အစပြု၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ရပ်ကွက်အတွင်းရှိ လမ်းများ၊ လူနေအိမ်များ ရေနစ်မြုပ်ခြင်းဖြစ်ရသော ရပ်ကွက်များမှာ (ဈ)ရပ်ကွက်၊ (က)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်ရပ်ကွက်များ၊ (ဌ)ရပ်ကွက်နှင့် တည်ဆောက်ဆဲ သီရိရတနာအဆင့်မြင့်ဈေးနေရာတို့သည် မိုးကြီးရေလျှံခြင်းဒုက္ခများကို မိုးရာသီတွင် ခံစားရကြောင်း အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဦးထွန်းလှ (အင်ဂျင်နီယာမှူး)က ပြောကြားသည်။

လွန်ခဲ့သည့် နှစ် ၆၀ ကျော်ကတည်ဆောက်ခဲ့သော မြောက်ဥက္ကလာပမြို့နယ်သည် မြို့တည်ဆောက်စဉ်က ရေစီးရေလာအတွက် ရေနုတ်မြောင်းများမှတစ်ဆင့် သုနန္ဒာချောင်းအတွင်းသို့ စီးဝင်ပြီး ရိုးလေးချောင်းအထိ စီးဆင်းနိုင်အောင် တူးမြောင်းများတည်ဆောက်ပေးခဲ့သော်လည်း ရပ်ကွက်နေပြည်သူများက စိုက်ခင်းများ၊ ကန်စွန်းခင်းများ၊ ငါးကန်များ အတားအဆီးများပြုလုပ်ခဲ့ကြ၍ ရေစီးရေလာ၊ ရေထွက်ပေါက်များကို ပိတ်ဆို့မှုများကြောင့် ရိုးလေးချောင်း ရေထွက်ပေါက်အထိ မရောက်တော့ဘဲ ရေကြီးရေလျှံဖြစ်ကာ ရပ်ကွက်အတွင်းရှိ လမ်းများ၊ လူနေအိမ်များ၊ ကျောင်းများ၊ ရုံးများ၊ ဆေးရုံများနှစ်စဉ် ရေမြုပ်ရခြင်းဖြစ်ကြောင်း သိရသည်။



"ယခုကျွန်တော်တို့ ရေစီးရေလာအတွက် ဆောင်ရွက်နေတဲ့ တူးမြောင်းဟာ မူလတည်ဆောက်ထားတဲ့ တူးမြောင်းထက် အဆပေါင်းများစွာကြီးပြီး စနစ်ပိုကျကြောင်းပြောချင်ပါတယ်။ မူလတည်ဆောက်စဉ်က မြောက်ဥက္ကလာပမြို့နယ်ဟာ လူဦးရေနည်းတာကြောင့် တူးမြောင်းရဲ့အကျယ်မှာ ၁၀ ပေဝန်းကျင်ပဲရှိမယ်ထင်တယ်။ အခုမြောက်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၉ ရပ်ကွက်ရှိတဲ့အနက် ရပ်ကွက် လေးခုနဲ့ ဝေဘာဂီမြို့သစ်ရပ်ကွက်များ အပါအဝင် လူဦးရေတစ်သိန်းကျော်အတွက် မျှော်မှန်းပြီး ရာသီမရွေး ရေစီးရေလာကောင်းမွန်အောင် သုနန္ဒာချောင်းမှ ခေမာသီ၊ ဓမ္မသုခရပ်ကွက်နောက်မှ ဖြတ်ပြီး ရိုးလေးချောင်းအထိ ရေစီးရေလာအတွက် တည်ဆောက်ထားတဲ့ တူးမြောင်းအနက်မှာ ရှစ်ပေရှိပြီး အကျယ်မှာ ပေ ၅၀ နဲ့ အရှည်မှာ ပေ ၅၀၀၀ ရှိသည့်အပြင် ရေလှောင်ကန် ငါးခုကိုလည်း အနက် ၁၀ ပေနဲ့ အကျယ် ပေ ၁၀၀ အထိ စနစ်တကျတည်ဆောက်ပေးပြီး လမ်းအောက် ရေထွက်ပေါက်များပါ တည်ဆောက်သွားမှာဖြစ်တယ်"ဟု ဦးထွန်းလှက ဆက်လက်ပြောကြားခဲ့သည်။

ခေမာသီရပ်ကွက်မှ ရိုးလေးချောင်းအထိ ပေ ၅၀၀၀ တူးရခြင်းမှာ ရိုးလေးချောင်း၊ မင်္ဂလာဒုံချစ်တီးကုန်းချောင်းနှင့် ဒညင်းရိုးချောင်း သုံးချောင်းဆုံရာမှ ငမိုးရိပ်ချောင်းအထိ စီးဆင်းနိုင်မှာဖြစ်ကြောင်း ရှင်းပြသည်။ ချောင်းသုံးချောင်း ဆုံသည့်နေရာမှာ ရေစီးရေလာ ရေလျှံမှုကို ထိန်းသိမ်းနိုင်ရန်အတွက် ချောင်းသုံးချောင်း အနီးတွင် တူးမြောင်းအနက်ကို ၁၀ ပေမှ ၁၂ ပေအထိ တူးရမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းလုပ်ငန်းများ ပြီးစီးချိန်တွင် မြောက်ဥက္ကလာပမြို့နယ်ရှိ ဆေးရုံ၊ စည်ပင်သာယာရုံး၊ (ဈ)ရပ်ကွက်၊ (က)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်ရပ်ကွက်များ၊ (ဌ)ရပ်ကွက်နှင့် တည်ဆောက်ဆဲ သီရိရတနာအဆင့်မြင့် လက်လီလက်ကားဈေးပတ်ဝန်းကျင်တို့မှာ ရေကြီးရေလျှံခြင်းဒုက္ခများနှင့်လည်း ကင်းဝေးသွားနိုင်ကြောင်း သိရသည်။

**(စောသိန်းဝင်း)**

# စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

**ဖျာပုံ　　ဒီဇင်ဘာ　၂**

ဖျာပုံခရိုင် ကျိုက်လတ်မြို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ နောက်ဆုံးပတ်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ကျိုက်လတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင် တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးစောမိုက်ကယ်နှင့် ဒုတိယဦးစီးမှူး ဦးခင်မောင်ဇော်၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမျိုးထွန်းကျော်နှင့် အထက(၁) ကျိုက်လတ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းတို့ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းရှင်များ၊ ကျောင်းဈေးရောင်းချသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၆၅ ဦး တက်ရောက်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ၊ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပတ်သက်၍ သိသင့်သိထိုက်သောအချက်များနှင့် ဆောင်ရွက်ချက်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် ပတ်သက်၍ သိကောင်းစရာအချက်များ ဟောပြောဆွေးနွေး၍ ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(သပြေထွန်း)**

❐

*စပိန်လာလီဂါပွဲစဉ် (၁၄) ကို ဒီဇင်ဘာ ၆၊ ၇၊ ၈၊ ၉ ရက်တွေမှာ ယှဉ်ပြိုင်သွားဖို့ရှိပြီး ဘာစီလိုနာနဲ့အက်စ်ပန်ညိုတို့ရဲ့ ကက်တလန်ဒါဘီပွဲအပြင် ဗီလာရီးယဲလ်နဲ့ ဆိုစီဒက်တို့ဆုံတဲ့ပွဲလည်းပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းသလို ရီးယဲလ်နဲ့အက်သလက်တီကိုတို့နိုင်ပွဲဆက်နိုင်မလားဆိုတာကိုပါ စောင့်ကြည့်သွားရမှာပါ. . . . . .*

# စပိန်လာလီဂါ ရင်ခုန်သံ-၄

ရှိုင်းမင်းမင်း

### အဲလ်ချီ-အက်သလက်တီကို — ည ၉း၃၀ (၆-၁၂-၁၄)

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာနိုင်ခဲ့တဲ့ အဲလ်ချီရဲ့ခြေက အားနည်းလွန်းတယ်။ အဲဒီငါးပွဲမှာ ကိုးဂိုးအထိ ပေးခဲ့ရတဲ့ ခံစစ်ပိုင်းကလည်း စိတ်မချရဘူး။ အက်သလက်တီကိုက ရီးယဲလ်ကိုဖိအားပေးနိုင်ဖို့ ဒီလိုပွဲမျိုးမှာ အမှားခံမှာ မဟုတ်ဘူး။ တိုက်စစ်ကလည်း ဂိုးသွင်းခြေရနေတယ်။ ချန်ပီယံလိဂ်ရှိပေမယ့် အက်သလက်တီကိုပဲ အနိုင်ရမှာပါ။

### ဘာစီလိုနာ-အက်စ်ပန်ညို — ည ၁၀း၃၀(၇-၁၂-၁၄)

ကက်တလန်ဒါဘီဖြစ်တာကြောင့် အကောင်းဆုံးတုံ့ပြန်နိုင်ဖို့ အက်စ်ပန်ညိုတို့ကြိုးစားမှာပါ။ ဒါပေမယ့် အက်စ်ပန်ညိုရဲ့ လက်ရှိခြေက အားနည်းမှုတွေရှိသလို ခံစစ်ကစားပုံကလည်း ကျစ်လျစ်မှုမရှိတာကြောင့် ဘာစီလိုနာရဲ့အိမ်ကွင်းအားကို ဟန့်တားနိုင်ဖို့ခက်ပါလိမ့်မယ်။ ဘာစီလိုနာပဲ နိုင်ပွဲရသွားမှာပါ။

### ဘီဘာအို-ကော်ဒိုဘာ — ည ၁၁း၃၀(၆-၁၂-၁၄)

အခုနောက်ပိုင်းမှာ ဘီဘာအိုခြေကကောင်းလာတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အရှုံးမရှိဘဲ လေးပွဲတိတိ အနိုင်ရခဲ့တယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေတည်ငြိမ်လာသလို အိမ်ကွင်းမှာဆိုရင် ကစားပုံက ပိုကောင်းတတ်လို့ ခြေစွမ်းပိုင်းအားနည်းလွန်းတဲ့ ကော်ဒိုဘာကိုအသာရဖို့ မခက်ဘူး။ ဘီဘာအို နိုင်ပွဲဆက်မယ်။

### ဗီလာရီးယဲလ် - ဆိုစီဒက် — နံနက် ဝ၀း၃၀(၈-၁၂-၁၄)

မိုယက်စ်လက်ထက်မှာ နိုင်ပွဲရသွားခဲ့ပြီဖြစ်သလို ဆိုစီဒက်ရဲ့ကစားပုံကလည်း အခုနောက်ပိုင်းကောင်းလာတာ တွေ့ရတယ်။ ဗီလာရီးယဲလ်ကလည်း လက်ရှိကစားပုံမဆိုးသလို အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုကောင်းတတ်တာ တွေ့ရတယ်။ ဒါကြောင့် ဆိုစီဒက်တို့ ဒီပွဲမှာ အသာရဖို့ခက်ပြီး သရေလောက်သာထိန်းကစားနိုင်ဖို့ရှိတယ်။

### ရီးယဲလ်-ဆယ်တာဗီဂို — နံနက် ၁း၃၀(၇-၁၂-၁၄)

ဆယ်တာဗီဂိုက သုံးပွဲဆက်တိုက်အနိုင်ပျောက်ပြီး ခြေကျသွားတယ်။ အဲဒီသုံးပွဲမှာတစ်ဂိုးမှမသွင်းနိုင်ခဲ့တဲ့ တိုက်စစ်ကလည်း တည်ငြိမ်မှုမရှိဘူး။ ဒါကြောင့် အဲဒီလို ခြေမျိုးနဲ့ရီးယဲလ်ကို အသာရဖို့ဆိုတာခက်တယ်။ ရီးယဲလ်က ဘာစီလိုနာ၊ အက်သလက်တီကိုတို့နဲ့ အမှတ်မကွာလို့အားစိုက်ကစားမှာပါ။ ရီးယဲလ်ပဲနိုင်ပွဲရမယ်။

### ဂရန်နာဒါ - ဗလန်စီယာ — နံနက် ၂း၃၀(၈-၁၂-၁၄)

ငါးပွဲဆက်အနိုင်ပျောက်ခဲ့တဲ့ ဂရန်နာဒါရဲ့ခြေက အားနည်းလွန်းတယ်။ ဆီဗီလာရဲ့ ငါးဂိုးသွင်းယူမှုကို ခံခဲ့ရတဲ့ ခံစစ်ကလည်း တိုက်စစ်ပိုင်းအားကောင်းတဲ့အသင်းတွေနဲ့တွေ့ရင် လုံးဝမထိန်းနိုင်တာတွေ့ရတယ်။ ဒါကြောင့် အိမ်ကွင်းဖြစ်ပေမယ့် ဗလန်စီယာကို ဟန့်တားဖို့ခက်လိမ့်မယ်။ ဗလန်စီယာကပဲနိုင်ပွဲရသွားမှာပါ။

### ဒီပို့တီဗို-မာလာဂါ — နံနက် ၃း၃၀ (၇-၁၂-၁၄)

မာလာဂါက အဝေးကွင်းအားနည်းနေတယ်။ တိုက်စစ်ကအစ အဝေးကွင်းပွဲတွေမှာ ဂိုးရဖို့ရုန်းကန်ရတတ်တယ်။ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက်ရှုံးနိမ့်ထားခဲ့လို့ မာလာဂါခြေကုန်ထုတ်မှာမှန်ပေမယ့် ဒီပို့တီဗိုကလည်း အိမ်ကွင်းမှာ အမှတ်ရဖို့ အားစိုက်လာမှာဖြစ်တာကြောင့် မာလာဂါ သရေလောက်ပဲရမယ်။

### အီဘား - အယ်လ်မာရီးယား — ည ၁၀း၃၀(၈-၁၂-၁၄)

ဆယ်တာဗီဂိုကိုအနိုင်ယူပြီး နှစ်ပွဲဆက်ရှုံးနိမ့်မှုကို ရပ်တန့်နိုင်ခဲ့တဲ့ အီဘားခြေမဆိုးဘူး။ ဒါပေမယ့် အယ်လ်မာရီးယားကလည်း အခုနောက်ပိုင်းမှာ ကစားပုံကောင်းလာတယ်။ ဒါ့အပြင် အီဘားတိုက်စစ်က ဂိုးသွင်းခြေအားလျော့နေတာကြောင့် အယ်လ်မာရီးယား သရေလောက်ထိန်းကစားသွားနိုင်ဖို့ရှိတယ်။

### ဗယ်လီကာနို-ဆီဗီလာ — ည ၅း၃၀ (၇-၁၂-၁၄)

ဂရန်နာဒါနဲ့ပွဲမှာ ဂိုးပြတ်အနိုင်ယူပြီး သုံးပွဲဆက်တိုက်အနိုင်ပျောက်ဆုံးမှုကို ရပ်တန့်နိုင်ခဲ့တဲ့ ဆီဗီလာရဲ့ခြေက ကောင်းပါတယ်။ ဗယ်လီကာနိုရဲ့ ခြေကမဆိုးသလို အိမ်ကွင်းအားနဲ့တုံ့ပြန်မှာဖြစ်ပေမယ့် နိုင်ပွဲဆက်ဖို့ အားစိုက်လာမယ့် ဆီဗီလာကိုဟန့်တားဖို့ခက်ပါတယ်။ ဆီဗီလာကပဲကပ်ပြီး အနိုင်ရသွားမှာပါ။

### လီဗန်တေး - ဂီတာဖေး — နံနက် ဝ၀း၃၀(၉-၁၂-၁၄)

လီဗန်တေးရဲ့ကစားပုံမဆိုးဘူးဆိုပေမယ့် ခံစစ်ပိုင်းအားပျော့မှုကိုတော့ အခုအထိ မပြင်နိုင်သေးဘူး။ နောက်ဆုံးငါးပွဲမှာ ရှစ်ဂိုးအထိပေးခဲ့ရတာတွေ့ရတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်သလို ဂီတာဖေးရဲ့ခြေကလည်း သာမန်သာရှိတယ်။ အထူးသဖြင့် ဂီတာဖေးတိုက်စစ်က အဆုံးသတ်ပိုင်းမသေချာလို့ လီဗန်တေးကပ်နိုင်ခြေရှိတယ်။



## လာဇီယိုအသင်းမှထွက်ခွာရန် ကလိုဆေး ဆန္ဒရှိနေ

အီတလီစီးရီးအေကလပ် လာဇီယိုအသင်း၏ ဂျာမနီဝါရင့်တိုက်စစ်မှူး ကလိုဆေးသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ ကာလအတွင်း အသင်းမှထွက်ခွာရန် စီစဉ်နေကြောင်း သိရသည်။ ကလိုဆေးမှာ ၂၀၁၁ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ လာဇီယိုအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး သုံးနှစ်အတွင်း အသင်းအတွက် ပွဲပေါင်း ၉၀ ကျော် ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ သို့သော် ကလိုဆေးမှာ အီတလီမြေတွင် မပျော်မရွှင်ဖြစ်နေပြီး လာမည့်ဇန်နဝါရီကာလအတွင်း အသင်းပြောင်းရွှေ့လိုကြောင်း တရားဝင် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အသက် (၃၆) နှစ်အရွယ်ရှိ ဂျာမန်ဝါရင့်တိုက်စစ်မှူးအား အေစီမီလန်၊ ဂျူဗင်တပ်စ် စသည့်အသင်းများအပြင် ပရီမီယာလိဂ်ကလပ်အသင်းအချို့ကပါ စိတ်ဝင်စားနေကြောင်း goal.com က ဖော်ပြခဲ့သည်။

**(ကိုရဲ)**

## မြန်မာ့လက်ဝှေ့ကျော်များနှင့် နိုင်ငံတကာချန်ပီယံများ ယှဉ်ပြိုင်မည့် လက်ဝှေ့စိန်ခေါ်ပွဲ အခမဲ့ကြည့်ရှုနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာ့ရိုးရာလက်ဝှေ့နည်းစနစ်နှင့် အညီ အကဲဖြတ်အမှတ်ပေးမည့် မြန်မာ့လက်ဝှေ့သမားများနှင့် နိုင်ငံတကာ လက်ဝှေ့ချန်ပီယံများယှဉ်ပြိုင်ထိုးသတ်မည့် လက်ဝှေ့စိန်ခေါ်ပွဲကြီးကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး အဲကမ္ဘောဇကအဓိကပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်မျှော်စင်ကျွန်း၌ ဒီဇင်ဘာ ၇ ရက် ညနေ ၆ နာရီ တွင် ကျင်းပသွားမည်ဖြစ်သည်။

ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် လေးချီစိန်ခေါ်ပွဲနှင့် ငါးချီစိန်ခေါ်ပွဲများ ပါဝင်မည်ဖြစ်ပြီး လေးချီစိန်ခေါ်ပွဲများတွင် လွမ်းချိုင်း(မြဝတီ)နှင့် နိုင်ရဲလင်း (ဒို့ရိုးရာ)၊ ရှမ်းလေး(ဝါဆို)နှင့် စောမင်းအောင် (ဒို့ရိုးရာ)၊ ရဲမာန်ဟိန်း(မုံဒိုသား)နှင့် သားနဂါး (ဝါဆို)၊ ပြည်နယ်နှင့်တိုင်းဒေသကြီးရွေ့ဆုရှင် သန်းဇော်ဌေး(T&T)နှင့် မွန်ပြည်နယ်အောင်လံဆုရှင် ကျော်ဇင်လတ် (ရွှေသောင်ရင်း)တို့က ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

ငါးချီစိန်ခေါ်ပွဲများတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးရွှေဆုရှင် ရဲသွေးနီ(တောင်ကလေး)နှင့် ဒေါင်းဖြူလေး(မြဝတီ)၊ မြန်မာ့လက်ဝှေ့ကျော်ကျားပေါက်(မြန်မာ)နှင့် ရယ်ဒယ်(ထိုင်း)၊ ထက်အောင်ဦး(မြန်မာ)နှင့် ဆောင်းထရမ်(ထိုင်း) တို့အပါအဝင် နောက်ဆုံးအထူးစိန်ခေါ်ပွဲအဖြစ် နံပါတ်တစ်မြန်မာပြည်လက်ဝှေ့ချန်ပီယံ ထွန်းထွန်းမင်း(မြန်မာ/မုံဒို)နှင့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်မှ အမေရိကန်နိုင်ငံသား ဆိုင်းရပ်စ်(အမေရိကန်)တို့က အမှတ်ပေးစနစ်ဖြင့် အနိုင်အရှုံးရလဒ်ပေါ်သည်အထိ ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

အဆိုပါ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို လက်ဝှေ့ဝါသနာရှင်ပရိသတ်များ အခမဲ့ကြည့်ရှုနိုင်မည့်အပြင် စကိုင်းနက်ရုပ်သံမှလည်း တိုက်ရိုက်ပြသပေးသွားမည်ဖြစ်ပြီး မြန်မာမီဒီယာဂရုမှ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောင်ကျော်ဦး)**

## ခရိုင်စုအဆင့် အားကစားပြိုင်ပွဲနှင့် လူရွေးချယ်ပွဲကျင်းပ

**ကလေး ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်စုအဆင့် ကလေး၊ ကလေးဝ၊ မင်းကင်း၊ တမူးမြို့နယ်များမှ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကြီးနှင့်လူရွေးချယ်ပွဲကို ကလေးမြို့နယ်အားကစားကွင်းကြီး၌ ဒီဇင်ဘာ ၂ ရက်က စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

"အားကစားပြိုင်ပွဲကြီးများ ကျင်းပခြင်းအားဖြင့် ကလေးခရိုင်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေ ပေါ်ထွက်လာဖို့ စီစဉ်ကျင်းပခြင်းဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲတွေကျင်းပပေးခဲ့လို့ လက်ရှိမြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးကစားသမားသုံးဦး၊ အလေးမ ကစားသမားတစ်ဦးတို့ကို နိုင်ငံ့လက်ရွေးစင်ကစားသမားများအဖြစ် လေ့ကျင့်နေပြီဖြစ်ပါတယ်။ မန္တလေး အား/ကာသိပ္ပံကျောင်းတွင်လည်း ကလေးမြို့မှ ၁၀ ဦး၊ ကလေးဝမှ သုံးဦး၊ မင်းကင်းမြို့မှ လေးဦး၊ တမူးမြို့မှ ရှစ်ဦး ရွေးချယ်ခံရပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့ လေ့ကျင့်နေကြပါတယ်"ဟု ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားသည်။

**(လင်းလက်ကြယ်စင်)**

## ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဖလား ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပူတာအို ဒီဇင်ဘာ ၂**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ရဝမ်စာပေနှင့်ရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် ဒုတ္တန်ရပ်ကွက်ဘောလုံးအသင်းက မြို့မရပ်ကွက်ဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ပြီး ပထမဆုတံဆိပ်ငွေသားဆု ကျပ်ငါးသိန်းနှင့် ဆုဖလားကိုလည်းကောင်း၊ ဒုတိယဆုရရှိသော မြို့မရပ်ကွက် ဘောလုံးအသင်းအား ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်လေးသိန်းကိုလည်းကောင်း၊ တတိယဆု ငွေသားကျပ်သုံးသိန်းနှင့် နေရာအလိုက်အကောင်းဆုံးဆုများကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော အသင်းရှစ်သင်းမှ နေရာအလိုက်အကောင်းဆုံးအားကစားသမား ၂၂ဦးကို ပဏာမရွေးချယ်ထားပြီး ဒီဇင်ဘာ ၂ ရက်တွင် ထပ်မံဆန်ခါတင်လူရွေးချယ်ကာ ၂၀၁၆ ခုနှစ်တွင် ကျင်းပမည့် မြန်မာနေရှင်နယ်လိဂ် M2 တန်းတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(iprd)**

## မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပုလော ဒီဇင်ဘာ ၂**

ပုလောမြို့နယ်အတွင်းရှိတိုင်းရင်းသားမျိုးဆက်သစ်အားကစားသမားများပေါ်ပေါက်စေရေး၊ အားကစားကို အရင်းခံ၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးမှုရရှိစေရန်ရည်ရွယ်၍ ပုလောမြို့နယ်အုပ်ချုပ်ရေးမှူးဖလားအသက်(၂၃)နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ပုလောမြို့ မြို့မအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာဗိုလ်လုပွဲကို အမှတ်(၁) ရပ်ကွက်ဘောလုံးအသင်းနှင့် ပြည်ခြားကျေးရွာ ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ပြည်ခြားကျေးရွာ ဘောလုံးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကျင်းပရာအကောင်းဆုံးအားကစားသမားဆု၊ ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်းနှင့် ဂိုးအကောင်းဆုံးအားကစားသမားဆုတို့အားလည်းကောင်း၊ ဒုတိယဆုရရှိသောအသင်းနှင့်ပထမဆုရရှိသောအသင်းတို့အားလည်းကောင်း တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီးတိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးကပထမရရှိသော အသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**(ပုလောမြန်/ဆက်)**

## အုပ်ချုပ်ရေးမှူးဖလား ဇုန်နယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တီးတိန် ဒီဇင်ဘာ ၂**

ချင်းပြည်နယ် တီးတိန်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဇုန်နယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ရက် မွန်းလွဲ ၂နာရီက စကော့လမ်းရပ်ကွက် ကမ်းဟောက်အားကစားကွင်း၌ စည်ကားစွာကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်အတွင်းအသင်း ၁၂ သင်းတို့က နိုဝင်ဘာ ၂၀ မှ စတင်ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲအဖြစ် လိုင်တွီးဇုန်အသင်းနှင့် ဖူးနွမ်းဇုန်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရချန်ပီယံဆုဆွတ်ခူးသည့် လိုင်တွီးဇုန်အသင်း၊ ဒုတိယဆုရရှိသော ဖူးနွမ်းဇုန် အသင်း၊ အကောင်းဆုံးအားကစားသမားဆု၊ နေရာလိုက်အကောင်းဆုံးဆုများကို တာဝန်ရှိသူတို့က ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(ဇိုဟောဆာ)**

## တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မြိတ် ဒီဇင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဒန်းလော့တင်းနစ်ကလပ်၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၃)ခရိုင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၃၀ ရက် ညနေ ၄ နာရီခွဲက အဆိုပါတင်းနစ်ကလပ်၌ ကျင်းပရာ ဒန်းလော့တင်းနစ်ကလပ်၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အလံငယ်များကို ဒန်းလော့တင်းနစ်ကလပ် ဥက္ကဋ္ဌက တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်စီမံ/စီးပွားဝန်ကြီးနှင့်တာဝန်ရှိသူများ၊ (၃)ခရိုင်အားကစားအသင်းတို့အား ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံ/စီးပွားဝန်ကြီးက နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်(၃)ခရိုင်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရရှိသော မြိတ်ခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ခရိုင်မြန်/ဆက်)**


Western Park Restaurant
ကျွမ်းကျင်သော စားဖိုမှူးတို့၏ လက်ရာ၊ ပြီးပြည့်စုံသော ဝန်ဆောင်မှုတို့ဖြင့်
နှစ်ပေါင်း(၂၀)ကျော်တိုင် အောင်မြင်စွာရပ်တည်ခဲ့သော Western Park Restaurant
အားတာမွေမြို့နယ်အတွင်းသို့ ၀၅.၁၂.၂၀၁၄ နေ့တွင် ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါ၍ စားသုံးသူ
မိတ်ဟောင်း၊ မိတ်သစ်များ လာရောက်အားပေးပါရန် သတင်းကောင်းပါးအပ်ပါသည်။
Soft Opening ကာလအတွင်း 10% Discount ပေးပါမည်။
Soft Opening
အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့်လေးထောင့်ကန်လမ်းထောင့်၊ (Sky Star Hotel အနီး)
တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၁ ၈၆၀၄၆၂၂၊ ၈၆၀၄၆၃၃၊ ၀၉ ၇၃၀၄၁၀၉၀။


ပျော်ရွှင်စရာခရစ္စမတ်ချိန်ခါမှာ
Samsung GALAXY GRAND Neo ဝယ်ယူပြီး
16 GB SD Card လက်ဆောင်ယူလိုက်ကြရအောင်
ဒီဇင်ဘာလ
၂၄ ရက်နေ့မှ စတင်၍
ပစ္စည်းလက်ကျန်
ရှိသည်အထိ
Gift
16GB
နှင်းပွင့်ဝေဆာ ခရစ္စမတ်ချိန်ခါ ချစ်ရသူအတွက်ရွေးချယ်စရာ
5.01" WVGA Display
1.2 GHz Quad Core
Dual Sim Always On
အသေးစိတ်အချက်အလက်များကို Samsung Customer Contact Center 01-2399 888, www.facebook.com/samsungmyanmar သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။
SAMSUNG

# မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း

**မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ။)**
**၁၃၇၆ ခုနှစ်၊ လ ရက်**
**၂၀၁၄ ခုနှစ်၊ လ ရက်**

**နိဒါန်း**

မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ သားသမီးထိန်းသိမ်းခြင်း စသည်တို့နှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို မျှတစွာရရှိခံစားနိုင်ရန်နှင့် ထိရောက်သည့် ကာကွယ်မှု ပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **"မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေသည် ဗုဒ္ဓဘာသာဝင် မိန်းမနှင့်ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့နှင့် သက်ဆိုင်စေရမည်။
(ခ) ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သောယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ဤဥပဒေအရ ဆုံးဖြတ်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-
(က) **"နိုင်ငံသား"** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားအဖြစ် ဖော်ပြထားသည့် မြန်မာနိုင်ငံသားကိုဆိုသည်။
(ခ) **"ဗုဒ္ဓဘာသာဝင်မိန်းမ"** ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သည့်အပြင် ဗုဒ္ဓဘာသာကိုးကွယ်သောမိန်းမ သို့မဟုတ် ဗုဒ္ဓဘာသာကိုးကွယ်သောမိဘတို့မှ မွေးဖွားသော မိန်းမကို ဆိုသည်။ သို့ရာတွင် ထိုမိန်းမသည်ဗုဒ္ဓဘာသာမှ အခြားဘာသာ တစ်ခုခုသို့ အထင်အရှားကူးပြောင်း၍ ထိုအခြားဘာသာကို တရားဝင်ကူးပြောင်း ကိုးကွယ်လျက်ရှိလျှင် ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှ မွေးဖွားသည်ဟူသော အကြောင်းသက်သက်ကြောင့် ဗုဒ္ဓဘာသာဝင် မိန်းမဖြစ်သည်ဟု မမှတ်ယူရ။
(ဂ) **"မှတ်ပုံတင်အရာရှိ"** ဆိုသည်မှာ ဤဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

**အခန်း (၂)**
**ဤဥပဒေနှင့်မသက်ဆိုင်သူများ**

၄။ ဗုဒ္ဓဘာသာဝင်အချင်းချင်းထိမ်းမြားခြင်းနှင့်ဗုဒ္ဓဘာသာဝင်မဟုတ်သူ အချင်းချင်း ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၅။ ဗုဒ္ဓဘာသာဝင် မိန်းမနှင့် ဗုဒ္ဓဘာသာဝင် ယောကျ်ားတို့ ထိမ်းမြားခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတို့နှင့် သက်ဆိုင်သည်။

၆။ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်ယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ အမွေဆက်ခံရေး၊ ပစ္စည်းခွဲဝေရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် ပတ်သက်သည့် အငြင်းပွားမှုများကို မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတို့အရ ဆုံးဖြတ်ရမည်။

၇။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့ ထိမ်းမြားခြင်းသည် ၎င်းတို့နှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတို့နှင့် သက်ဆိုင်သည်။

၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ အမွေဆက်ခံရေး၊ ပစ္စည်းခွဲဝေရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် ပတ်သက်သည့် အငြင်းပွားမှုများကို ၎င်းတို့နှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတို့အရ ဆုံးဖြတ်ရမည်။

**အခန်း (၃)**
**ဤဥပဒေအရ ထိမ်းမြားနိုင်သူများ**

၉။ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့်ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့်ဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးတို့သည် အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံလျှင် ဤဥပဒေအရ ထိမ်းမြားနိုင်သည်-
(က) နှစ်ဦးစလုံးမှာ စိတ်ပေါ့သွပ်သူများ မဖြစ်စေရ၊
(ခ) သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့အရ မဟုတ်ဘဲ မိမိတို့၏ လွတ်လပ်သောဆန္ဒအရ ထိမ်းမြားရန် သဘောတူညီခြင်းဖြစ်ရမည်၊
(ဂ) အသက် ၂၀ နှစ် မပြည့်သေးသည့် မိန်းမဖြစ်လျှင် မိဘ၏သဘောတူညီချက်ကိုသော်လည်းကောင်း၊ မိဘတို့သေဆုံးပါမူ အမှန်အုပ်ထိန်းသူ သို့တည်းမဟုတ် တရားဥပဒေအရ အုပ်ထိန်းသူရှိလျှင် ထိုအုပ်ထိန်းသူ၏ သဘောတူညီချက်ကိုသော်လည်းကောင်း ရရှိပြီး ဖြစ်ရမည်၊
(ဃ) မိန်းမသည် မပြတ်စဲသော တရားဝင်လင်ယောကျ်ား မရှိစေရ၊
(င) ယောကျ်ားသည် မပြတ်စဲသော တရားဝင်မိန်းမ မရှိစေရ။

**အခန်း (၄)**
**ဤဥပဒေအရထိမ်းမြားခြင်း**

၁၀။ "မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် ဤဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိ ဖြစ်သည်။

၁၁။ ဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးတို့ ထိမ်းမြားရန် ရည်ရွယ်သည့်အခါ ၎င်းတို့တစ်ဦးဦး နေထိုင်လျက်ရှိသည့် ဒေသရှိ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ထားသည့်ပုံစံဖြင့် ၎င်းတို့တစ်ဦးဦးက လျှောက်ထားနိုင်သည်။

၁၂။ လျှောက်လွှာနှင့်အတူ အခန်း (၃) ပုဒ်မ ၉ ပါ အချက်များ ပြည့်စုံမှန်ကန်ကြောင်း လျှောက်ထားသူတို့၏ ဝန်ခံချက်ပါရှိသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရမည်။

၁၃။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်များမှန်ကန်ကြောင်းကို မှတ်ပုံတင်အရာရှိနှင့် သက်သေ နှစ်ဦးတို့ရှေ့တွင် လက်မှတ်ထိုးရမည်။

၁၄။ (က) မှတ်ပုံတင်အရာရှိသည် -
(၁) လျှောက်လွှာမိတ္တူတစ်စောင်ကို မိမိ၏ရုံးရှိ အများမြင်သာသည့် နေရာ၌ ကပ်ရမည့်အပြင်၊
(၂) တရားမကျင့်ထုံးဥပဒေအရ သမ္မန်စာများ သို့မဟုတ် နို့တစ်စာများ ချအပ်သည့် နည်းလမ်းနှင့်အညီ-
(ကက) ထိမ်းမြားမည့်မိန်းမသည် အသက် ၂၀ နှစ် မပြည့်သေးလျှင် ၎င်းမိဘ သို့မဟုတ် အုပ်ထိန်းသူထံ လည်းကောင်း၊
(ခခ) မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့်ယောကျ်ားထံလည်းကောင်း၊
(ဂဂ) ယောကျ်ားသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့် မိန်းမထံလည်းကောင်း ပေးပို့၍ အကြောင်းကြားရမည်။
(ခ) လျှောက်လွှာမိတ္တူပေးခြင်းခံရမည့်သူ တစ်ဦးတစ်ယောက်၏ နေရပ်သည် မှတ်ပုံတင်အရာရှိ၏ စီရင်ပိုင်ခွင့်အာဏာ နယ်နိမိတ်ပြင်ပတွင် ရှိလျှင် မှတ်ပုံတင်အရာရှိသည် မိတ္တူတစ်စောင်ကို ထိုသူထံ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ဖြစ်စေ၊ လူလွှတ်၍ဖြစ်စေ ပေးပို့နိုင်သည်။

၁၅။ ထိမ်းမြားရန် ရည်ရွယ်ကြောင်း လျှောက်လွှာမိတ္တူကို ပုဒ်မ ၁၄ အရ ပေးပြီး နောက် ၁၄ ရက်ကြာသည့်အခါ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၈ တို့အရ ကြိုတင်ကန့်ကွက်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိက လျှောက်ထားသူတို့ကို ထိမ်းမြားပေးနိုင်သည်။

၁၆။ ပုဒ်မ ၁၁ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၉ ပါ အချက် တစ်ရပ်ရပ်နှင့်ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် မည်သူမဆို မှတ်ပုံတင်အရာရှိထံလိပ်မူ၍ ထိုသူအား ထိမ်းမြားခြင်းမပြုစေရန် စာဖြင့် ရေးသားကန့်ကွက်နိုင်သည်။

၁၇။ (က) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာရရှိသောအခါ ကန့်ကွက်သူအား စီရင်ပိုင်ခွင့်အာဏာရ တရားရုံးသို့ လျှောက်ထားရန် ညွှန်ပြပြီး တရားရုံး၏ အမိန့်ရရှိသည့်နေ့အထိ ထိမ်းမြားခြင်းကို ရွှေ့ဆိုင်းထားရမည်။
(ခ) ပုဒ်မခွဲ (က) ပါ စီရင်ပိုင်ခွင့်အာဏာရတရားရုံးသည် မှတ်ပုံတင်အရာရှိ၏ ရုံးတည်ရှိရာဒေသရှိ မြို့နယ်တရားရုံးဖြစ်ရမည်။

၁၈။ (က) ပုဒ်မ ၁၁ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၉ ပါအချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ ကန့်ကွက်သူက လျှောက်လွှာ တင်သွင်းနိုင်သည်။
(ခ) တရားရုံးက ထိုလျှောက်လွှာရရှိကြောင်း သက်သေခံလက်မှတ်တစ်စောင်ကို ကန့်ကွက်သူအား ပေးရမည်။
(ဂ) မှတ်ပုံတင်အရာရှိသည် -
(၁) ပုဒ်မခွဲ (ခ) အရပေးသည့် သက်သေခံလက်မှတ်ကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကန့်ကွက်သူက တင်သွင်းလျှင် တရားရုံးမှ ထိမ်းမြားခွင့်ရှိသည့်အမိန့်ကို မရရှိမီ ထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားမပေးရ။
(၂) သတ်မှတ်ထားသည့် ကာလအတွင်း ကန့်ကွက်သူက သက်သေခံလက်မှတ်ကို မတင်သွင်းလျှင် ထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားပေးရမည်။
(ဃ) တရားရုံးသည် လျှောက်လွှာနှင့် ကျမ်းကျိန်လွှာတို့တွင်ပါရှိသည့် အချက်များနှင့် နှစ်ဖက်အမှုသည်များ တင်ပြသည့် သက်သေခံချက်တို့ကို အကျဉ်းနည်းဖြင့် စစ်ဆေးကြားနာပြီးနောက် လျှောက်ထားသူတို့သည် ထိမ်းမြားနိုင်ခွင့်ရှိ၊ မရှိ အမိန့်ချမှတ်ရမည်။ ထိုအမိန့်သည် အပြီးသတ် ဖြစ်ရမည်။
(င) တရားရုံးသည် မိမိချမှတ်သောအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ ချက်ချင်းပို့ရမည်။
(စ) (၁) ထိမ်းမြားနိုင်ခွင့်ရှိသည်ဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားပေးရမည်။
(၂) ထိမ်းမြားနိုင်ခွင့်မရှိဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမပေးရ။

၁၉။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၅ သို့မဟုတ် ပုဒ်မ ၁၈ အရ ထိမ်းမြားသောအခါ သက်သေနှစ်ဦးရှေ့တွင် လျှောက်ထားသူတို့ကို ထိမ်းမြားပေးရမည်။ ထိမ်းမြားမည့်သူများသည် မှတ်ပုံတင်အရာရှိနှင့် သက်သေများရှေ့တွင် "ကျွန်ုပ်တို့သည် တရားဝင် လင်မယားအဖြစ် ပေါင်းဖက်ပါမည်" ဟူ၍ မြွက်ဟကြေညာရမည်။

၂၀။ ပုဒ်မ ၁၉ အရ ထိမ်းမြားသည့်အခါ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သောအကြောင်းအရာများကို "ထိမ်းမြားမှုသက်သေခံမှတ်ပုံတင်စာအုပ်" ၌ ရေးသွင်းရမည်။ ထိုမှတ်ပုံတင်စာအုပ်တွင် ထိမ်းမြားသူများ၊ သက်သေများနှင့် မှတ်ပုံတင်အရာရှိတို့က လက်မှတ်ရေးထိုးရမည်။

၂၁။ မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမှုသက်သေခံလက်မှတ် မူရင်းခွဲ ၄ စောင် ပြုလုပ်၍ တစ်စောင်စီကို ထိမ်းမြားသူတို့အား ပေးအပ်ရမည်။ အကယ်၍ မိန်းမသည် အသက် ၂၀ နှစ်မပြည့်သေးလျှင် ၎င်း၏မိဘ သို့မဟုတ် အုပ်ထိန်းသူအား ပေးအပ်ရမည်။ တတိယတစ်စောင်ကို ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် အမြဲသိမ်းထားရန် ပေးပို့ရမည်။ စတုတ္ထတစ်စောင်နှင့် ထိမ်းမြားခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးရှိ ထိမ်းမြားမှုဆိုင်ရာ မှတ်ပုံတင်စာအုပ်တွင် တွဲထားရမည်။

**စာမျက်နှာ ၁၆ သို့**


## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၆၅၆/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၅၆/ခ)၊ အင်းဝ(၁၉)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သန်းကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းကြည်(မိခင်)၊ ဦးဟာနစ်(ဖခင်)၊ ဒေါ်သန်းရီ(သမီး၊ အပျိုကြီးဘဝဖြင့်ကွယ်လွန်)၊ ဦးကြည်ထွန်း(သား၊ လူပျိုကြီးဘဝဖြင့်ကွယ်လွန်)သဖြင့် (၁)ဒေါ်သန်း[၁၂/ဥကတ(နိုင်)၀၅၈၉၆၉]၊ (၂)ဒေါ်အေးအေး(S/OKA-၀၇၉၀၃၀)၊ (၃)ဦးကြည်လွင်[၁၂/ဥကတ(နိုင်)၀၅၅၂၉၁]၊ (၄)ဒေါ်ကြူကြူ[၁၂/ဥကတ(နိုင်)၀၅၅၂၉၄]၊ (၅)ဦးဝင်းမောင်[၁၂/ဥကတ(နိုင်)၀၅၅၂၉၂]၊ (၆)ဒေါ်မြင့်မြင့်ဝင်း [၁၂/ဥကတ(နိုင်)၀၅၅၂၉၃]၊ (၇)ဦးသန်းဝင်း[၁၂/လမန(နိုင်)၀၄၁၉၆၅]တို့က သား၊သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/စီ(နံ့သာကုန်း)၊ မြေကွက်အမှတ်-၁၁M၊ ဧရိယာ(၀. ၂၀၀)ဧကအနက် တရားဝင်မခွဲမစိတ်ရသေးသော အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်-၇၊ ရွှေပြည်အေးကျောင်း(၁)လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန် (ဦးမြလွင်)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမြလွင်[၁၂/အစန(နိုင်)၀၂၅၈၅၈]ကွယ်လွန်သဖြင့် ဒေါ်ခင်အေး[၁၂/အစန(နိုင်)၀၂၅၈၆၀]က ဇနီးတော်စပ်ကြောင်း သေစာရင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

ဒေါ်ဂျမီလာ(ခ)ဒေါ်စန္ဒာမိုး (PAN-281608) ကိုင်ဆောင်ထားသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်ဂျမီလာ(ခ)ဒေါ်စန္ဒာမိုးနှင့် မော်လဝီဟာဖိဇ်အဇီဇုရ်ရဟ်မာန်နှင့် ၂၀-၅-၂၀၀၈ရက်တွင် အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေအရ လက်ထပ်ပေါင်းသင်းခဲ့ပြီး သား/သမီး(၁)ဦးထွန်းကားခဲ့ပြီးနောက် (၂)နှစ်အကြာတွင် ဒေါ်ဂျမီလာ(ခ)ဒေါ်စန္ဒာမိုး၏ခင်ပွန်းဖြစ်သူ မော်လဝီဟာဖိဇ်အဇီဇုရ်ရဟ်မာန်သည် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားပြီး ယနေ့တိုင်ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် ကျွန်မဒေါ်ဂျမီလာ(ခ)ဒေါ်စန္ဒာမိုးသည် အစ္စလာမ်ဓမ္မသတ်(မ. မ. လ)ခုံလူကြီးများထံသို့ ကျွန်မ၏ အမျိုးသားနှင့် ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိသဖြင့် အစ္စလာမ်တရားဥပဒေနှင့်အညီ ကွာရှင်းခွင့်ပြုရန် ၁၃-၈-၂၀၁၄ရက်စွဲပါ အမှုတွဲအမှတ် (၁၁/၂၀၁၄)ဖြင့် အစ္စလာမ်ဓမ္မသတ်(မ. မ. လ)ခုံရုံးမှ လက်ခံခဲ့ပြီး အစ္စလာမ်ဓမ္မသတ်(မ. မ. လ)မှ ၈-၁၁-၂၀၁၄ရက်စွဲဖြင့် အစ္စလာမ်ဓမ္မသတ်(မ. မ. လ)ခုံရုံးမှ ဒေါ်ဂျမီလာ(ခ)ဒေါ်စန္ဒာမိုးအား အစ္စလာမ်တရားဥပဒေနှင့်အညီ အီဒတ်ရက် ၈-၁၁-၂၀၁၄မှ ၈-၂-၂၀၁၅ရက်အထိ အီဒတ်ရက်အားသတ်မှတ်ပေးစေခဲ့ပါသည်။

အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်ပြီး ကျွန်မခင်ပွန်းဖြစ်သူ မော်လဝီဟာဖိဇ်အဇီဇုရ်ရဟ်မာန်မှ ကန့်ကွက်လို၍ဖြစ်စေ၊ တိုင်ပင်ဆွေးနွေးလိုသည်ဖြစ်စေ ကျွန်မထံသို့လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာရသူ(သို့မဟုတ်)သက်ဆိုင်သူ တစ်ဦးဦးမှသော်လည်းကောင်း၊ အစ္စလာမ်ဓမ္မသတ်ခုံရုံး(မ. မ. လ)ဌာနချုပ်အမှတ်(၁၉၄/၁၉၆ -4A)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့သို့ အီဒတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သဥ္ဇာအေးမွန် **(LL.B)**
အထက်တန်းရှေ့နေ
(စဉ်-၃၇၁၄၅)

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက် (၃)ဦးမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခဲ့၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဒေါ်ခင်ပု [၁၂/လမန(နိုင်)၁၀၂၈၆၉] ဦးဌေးအောင်သောင်း [၁၂/ပဘတ(နိုင်)၀၀၉၂၉၉] ဦးတင်အောင်သောင်း [၁၂/လမတ(နိုင်)၀၃၁၆၃၄](မှ) | ဒေါ်သီတာအောင် [၁၂/လမတ(နိုင်)၀၃၁၆၇၆] | တိုက်အမှတ်(၄၅)၊ အခန်းအမှတ်(၈)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား များနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်း ကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဒေါ်မီမီခိုင်ထွန်း [၁၂/စခန(နိုင်)၀၀၂၄၄၈] ဒေါ်ရင်နု [KMYT-၀၁၅၀၉၆](မှ) | ဒေါ်ပန်းအိအိနွယ် [၁၄/ပသန(နိုင်)၁၈၁၉၈၈] | တိုက်အမှတ်(၁၅)၊ အခန်းအမှတ်(၆၈)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## နတ်တလင်းမြို့နယ် ကျောင်းကြီးကျေးရွာတွင် မျှဝေသောလက် ဆေးပေးခန်းဖွင့်လှစ်

**နတ်တလင်း၊ ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မြို့ခြံကျေးရွာအုပ်စု ကျောင်းကြီးကျေးရွာတွင် မျှဝေသောလက်ဆေးပေးခန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်က "အခုလိုမျှဝေသောလက် ကျေးလက်ဆေးပေးခန်းဖြစ်မြောက်ရေးကို အဘက်ဘက်က ဝိုင်းဝန်းပံ့ပိုးကူညီပေးကြတဲ့ ဌာနဆိုင်ရာများနဲ့ ရပ်မိရပ်ဖများကို ဒေသခံပြည်သူများရဲ့ ကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်။ နိုင်ငံတော်အနေဖြင့် လိုအပ်နေသော ကျန်းမာရေးကဏ္ဍကို တစ်ထောင့်တစ်နေရာက တတ်အားသရွေ့ ကူညီခဲ့ကြတဲ့ မြေနေရာနဲ့ အဆောက်အအုံကို လှူဒါန်းခဲ့တဲ့ အလှူရှင်မိသားစုများကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုပါတယ်"ဟု ၎င်းက ပြောသည်။

ဒေသခံပြည်သူများ ကျန်းမာရေးကို အချိန်နှင့်တစ်ပြေးညီ ကုသနိုင်ရေးအတွက် အဆိုပါကျမ်းမာရေးဌာနတွင် အဆင့်(၂) ကျန်းမာရေးဝန်ထမ်းထားရှိပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးလှိုင်ဦးက ပြောကြားခဲ့သည်။

မျှဝေသောလက်ဆေးပေးခန်းဆောက်အအုံကို မြေနေရာအလျား ပေ ၈၀ အနံ ပေ ၅၀ ရှိ မြေပေါ်တွင် ပေ ၂၀ ပေ ၃၀ အမြင့် ၁၂ ပေ တစ်ထပ်တိုက်သွပ်မိုး၊ သမံတလင်းခင်းတည်ဆောက်ခဲ့ရာ ကုန်ကျငွေတန်ဖိုး ကျပ်သိန်း၂၅၀ ကုန်ကျခဲ့ပြီး ကုန်ကျငွေကို ယင်းရွာနေ ဦးကျော်စိန်-ဒေါ်အေးရှင်မိသားစုတို့က လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းခဲ့သည့် အဆောက်အအုံနှင့် မြေနေရာတို့၏စာရွက်စာတမ်းများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးလှိုင်ဦးအား အလှူရှင်များကိုယ်စား ဦးလှမြင့်က ပေးအပ်ပြီး ဆရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၇၁)**

## ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် ညှိနှိုင်း

**မအူပင် ဒီဇင်ဘာ ၂**

မအူပင်မြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် မအူပင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းလျာထားဆွေးနွေးပွဲကို ဒီဇင်ဘာ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းဟန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရ၊မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြို့နယ်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်ဝင်း၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် လျာထားသည့် ကျေးရွာ ၂၄ ရွာမှ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ တက်ရောက်ကြသည်။

ဆွေးနွေးရာတွင် ကျေးရွာအလိုက် လိုအပ်သည့် လမ်း၊ တံတား၊ စာသင်ကျောင်း၊ ကျန်းမာရေးဆေးခန်းစသည်တို့အား တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး၍ အမှန်လိုအပ်သည်များကို ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ကသာမြို့နယ် အင်းဒရန့်ကျေးရွာတွင် စိုက်ပျိုးသော အထွက်ကောင်းကြံစိုက်ပျိုးထုတ်လုပ်မှုများလေ့လာ

**ကသာ၊ ဒီဇင်ဘာ ၂**



ကသာမြို့နယ် ပုလွေရွှေကျေးရွာအုပ်စု အင်းဒရန့်ကျေးရွာနေ တောင်သူ ဦးဝမ်ယုစိုက်ပျိုးထားသည့် နဝဒေး(၄) အထွက်ကောင်းကြံမျိုး နှစ်ဧကစိုက်ခင်းအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီး အသေးစားကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်မောင်းနှင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် ဌာနဆိုင်ရာများ၊ ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ နည်းပညာပေးသင်တန်းသားများ စုပေါင်း၍ ကွင်းဆင်းလေ့လာခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းအဖွဲ့သည် ကြံစိုက်တောင်သူများနှင့် တွေ့ဆုံရာ ကြံစိုက်တောင်သူများကိုယ်စား နှစ်ပေါင်း ၃၀ ကြာ ကြံစိုက်ပျိုးလုပ်ကိုင်နေသူ ဦးစိုးတင့်က မိမိတို့ဒေသတွင် အထွက်ကောင်းကြံမျိုးများ စတင်စမ်းသပ်စိုက်ပျိုးအောင်မြင်ခြင်းဖြင့် ဒေသခံတောင်သူများ အထွက်နှုန်းတိုး၍ ဝင်ငွေများ ပိုမိုရရှိရေးအတွက် များစွာအထောက်အကူဖြစ်ကြောင်း၊ အဓိကအားဖြင့် ထွက်ရှိလာသော ကြံများကို တင်သွင်းနိုင်သော ဈေးကွက်ရရှိရေးနှင့် စက်ရုံလိုအပ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်က စက်မှုသီးနှံ၏ အနှစ်သာရသည် ဈေးကွက်ဖြစ်ကြောင်း၊ အထွက်နှုန်းကောင်းသော ကြံမျိုးများကို စိုက်ပျိုးခြင်းဖြင့် တစ်ဦးချင်းဝင်ငွေတိုးပွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တောင်သူများ အဆင်ပြေစွာစိုက်ပျိုးနိုင်ရေး၊ မျိုးရရှိရေးများကို ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကြံတောင်သူ ဦးဝမ်ယု၏ ကြံစိုက်ခင်းတွင် GAP နည်းစနစ်ဖြင့် ကြံစိုက်ပျိုးနည်းကို လက်တွေ့ပြသ စိုက်ပျိုးခြင်း၊ ကြံမျိုးများဖြတ်ယူပုံများကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီး ကြံစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ငြိမ်းငြိမ်း(ကသာ)**

# ဝါသီးနှံများတွင်ကျရောက်တတ်သော ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းရေး နည်းစနစ်များနှင့် ပိုးမွှားကင်းထောက်မှတ်တမ်းယူနည်းများ ပညာပေး

**ကျောက်ပန်းတောင်း၊ ဒီဇင်ဘာ ၂**

၂၀၁၄-၂၀၁၅ ခုနှစ် မိုးနှောင်း ချည်မျှင်ရှည်ဝါစိုက်ခင်းများတွင် ပိုးမွှားကာကွယ်နှိမ်နင်းရေး တောင်သူပညာပေး ပိုးသတ်ဆေးစုပေါင်းပက်ဖျန်းခြင်း သရုပ်ပြပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးကျေးရွာအုပ်စု၊ ရေငံကျေးရွာ ကွင်းအမှတ် (၂၅၁၃) ရှိ တောင်သူဦးထွန်းဝေ၊ ဦးကျော်ဝင်းနှင့် ဦးထွန်းလင်းတို့၏ ဝါစိုက်ခင်းများတွင် ကျင်းပခဲ့ကြောင်း သိရသည်။

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာဝါဝါခင်နှင့် ဝန်ထမ်းများက ဝါသီးနှံတွင် ကျရောက်တတ်သော ဖျက်ပိုးများ၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းစနစ်များ၊ ပိုးမွှားကာကွယ်နှိမ်နင်းရေးအတွက် အသုံးပြုလျက်ရှိသော ပိုးသတ်ဆေးများ၊ ပိုးမွှားကင်းထောက်မှတ်တမ်းယူနည်းများကို တောင်သူများအား လက်တွေ့ပညာပေးရှင်းလင်းကြပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ တောင်သူပညာပေးကွင်းပြပွဲသို့ တောင်ဦး၊ ရေငံ၊ ကြက်ပြစ်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ ဝါစိုက်တောင်သူများ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**


### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဦးညဏ်ဝင်းထွန်း [၁၂/သလန(နိုင်)၀၇၉၆၃၉] | ဒေါ်တင်အေးကြည် [၁၂/ကမရ(နိုင်)၀၀၈၀၀၁] | တိုက်အမှတ်(၈)၊ အခန်းအမှတ်(၂၈)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန
(အဆောက်အအုံ)

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဒေါ်ကြည်ကြည်(ကစ)ဒေါ်ချိုတူး [၇/ပမန(နိုင်)၀၂၄၃၀၈] | ဒေါ်ဆာအီယန်း [၉/စကန(နိုင်)၀၀၂၈၅၃] | တိုက်အမှတ်(အီး-၂)၊ အခန်း(၁၀၈)၊ ရွှေခင်းသာအိမ်ရာ၊ သာကေတမြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန
(အဆောက်အအုံ)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၆/က)၊ မြေကွက်အမှတ်(၆၇/ခ+၆၈+၆၉/ခ)၊ ဧရိယာ(၁. ၀၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၆၇/ခ+၆၈+၆၉/ခ)၊ အောင်ဘောဂ(၁)လမ်း၊ ရဲစုကွင်း၊ ဘွတ်ကြီးကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ဒေါ်စန်းစန်းအေး [၁၂/မဂဒ(နိုင်)၀၂၄၃၆၂]အမည်ပေါက် ဘီ/၃(ခ)ရပြီး မြေအား အမည်ပေါက်သည် ၂၈-၆-၂၀၁၂ ရက်နေ့တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးရဲမောင်သည် ၂၄-၈-၂၀၁၁ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြ၍ သား/သမီးများဖြစ်ကြသော (၁)ဒေါ်စန္ဒာအေး[၁၂/မဂဒ(နိုင်)၁၀၂၅၈၈]၊ (၂)ဦးရဲထွန်းနိုင်[၁၂/မဂဒ(နိုင်)၁၀၁၉၄၇]၊ (၃)ဒေါ်ဇင်လေးမာ[၁၂/မဂဒ(နိုင်)၁၄၆၈၇၉]၊ (၄)ဒေါ်မေသွေးကို[၁၂/မဂဒ(နိုင်)၁၄၆၈၈၀]တို့က သေစာရင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ (၃၃/၁၄)(၄-၉-၂၀၁၄)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ (၄-၉-၂၀၁၄)၊ ဦးရဲမောင်သေဆုံးကြောင်း ထောက်ကြန့်မြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန၏ အကြောင်းကြားစာတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈(FMI)၊ မြေကွက်အမှတ်(၃၂၅)၊ ဧရိယာ(၀. ၀၅၅)ဧက၊ နှစ်(၆၀)မြေငှားစာချုပ်၊ အမည်ပေါက်မှာ ဦးစောအောင်ငြိမ်း ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ဆ/ဦးအား အပြီးအပိုင်အရောင်းအဝယ်စာချုပ်(၇၇၈၇/၂၀၁၄)တင်ပြ၍ ဒေါ်ဥမ္မာထွန်းဦး[၁၂/မဂတ(နိုင်)၀၂၂၆၃၉]အမည်သို့ ပြောင်းလဲခွင့်ပြုပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

### ဩဝါဒခံယူရန် ပင့်လျှောက်လွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပစ္စိမာရုံစာသင်တိုက်၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ သာသနဓဇသိရိပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ ဘဒ္ဒန္တခေမိန္ဒမဟာထေရ်မြတ်ထံတော်မှ အနယ်နယ်အရပ်ရပ်တွင် သီတင်းသုံး နေထိုင်ကြသည့် ပစ္စိမာရုံတိုက်ထွက် သံဃာတော်များနှင့် ပစ္စိမာရုံနွယ်ဝင် သံဃာတော်များ ဩဝါဒခံယူပွဲကို (၁၃၇၆ခုနှစ်၊ နတ်တော်လပြည့်) ၆-၁၂-၂၀၁၄ရက်(စနေနေ့) ည ၇နာရီတွင် (၅)ကြိမ်မြောက် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ရိုသေစွာပင့် လျှောက်အပ်ပါသည်ဘုရား။

ကျင်းပရေးကော်မတီ
ပစ္စိမာရုံကျောင်းတိုက်၊ ပုသိမ်မြို့။
ဖုန်း-၀၄၂-၂၂၀၁၀၊ ၀၉-၄၉၇၂၁၈၀၂

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးတင်ရှိန်(ကစ)ဦးဝင်းကို (TKA-049442) | ဦးငွေလွင် [၁၂/ပဇတ(နိုင်)၀၂၉၈၁၀] | တိုက်(အေ-၁၂)၊ အခန်း(၅၀၃)၊ ရွှေခင်းသာအိမ်ရာ၊ သာကေတမြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန
(အဆောက်အအုံ)

ရွှေဝင်းရွှေပုံ Travels & Tours
No.67, Baho Rd,Sanchaung,Ph: 01-500191,519292, 510218,510491 519300,519360 Hot Line : 09-73003772
81 Rd,Bet 33 x 34 Street, Mandalay. Ph: 09-73013856,09-31693339
USD 650 USD 1000
USD 890 USD 1350
USD 1100 USD 2600
USD 1000 USD 3200
USD 2700 USD 2100
USD 1300 USD 3500
USD 1300 USD 4500
USD 1200 USD 4500
USD 1500 ဥရောပ (၇) နိုင်ငံ USD 4800

ရွှေဝင်းရွှေပုံ Travel & Tours
"Promotion Trip"
ဟောင်ကောင် + မကာအို USD 1000
USD 3800
တရုတ်ပြည် (Chengdu+Xian) USD 1300
No.67, Baho Rd, Sanchaung. Ph: 01-500191, 519292, 510491,510218
81st Road, Betwen 33 x 34 St, Mandalay.
Ph: 09-31693339,09-73013856 Hot Line: 09-73003772

## မော်တော်ကားဆန္ဒပြည့်ဆည်းစေလို


မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
တောင်စွန်း၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁ ရက်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ (၂၇၀)ကျော်သော မိဘမဲ့၊ နွမ်းပါး၊ တိုင်းရင်းသား၊ မူ၊ လယ်၊ ထက် ကျောင်းသား၊ ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက် ပညာသင်ကြားပေးလျက် ရှိပါသည်။

ကလေးများ စိုက်ခင်းသွား/ပြန်၊ ကျောင်းသွား/ကျောင်းပြန်၊ ကြို/ပို့ အသုံးပြုရန် Light Truck (လိုက်ထရပ်-ပစ်ကတ်)ကားတစ်စီး အမှန်တစ်ကယ် လိုအပ်လျက်ရှိနေပါသည်။ (၁၃)နှစ်တာ ကာလကြာအောင် ကားဝယ်ယူရန် ဆန္ဒဖြင့် ငွေကြေးကြိုးစား စုဆောင်းနေပါသော်လည်း ကလေးများစားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးအတွက်ကိုသာ ဖြေရှင်းနေရပါသဖြင့် ဆန္ဒမပြည့်ဝသေးဘဲ ဖြစ်နေပါသည်။ သို့ဖြစ်၍ ဤကျောင်းရှိ ပရဟိတကလေးများအတွက် အသုံးပြုရန် အမှန်တစ်ကယ် လိုအပ်လျက်ရှိသော Light Truck(လိုက်ထရပ်-ပစ်ကတ်) မော်တော်ယာဉ်တစ်စီးကို ဖြည့်စွက်လှူဒါန်း ယာဉ်ဒါနပြုလိုသူအပေါင်းတို့အား စေတနာကောင်းဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်
ကျောင်းအုပ်ဆရာတော်နှင့်အကျိုးဆောင်များ
မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
(လူငယ်စောင့်ရှောက်ရေးဌာန)
တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်
ဖုန်း-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀၊ ၀၅၇-၆၆၃၀၂

PS Travel & Services
တောင်ကြီး - အင်းလေး ခရီးစဉ် Dec-24,26 (၄ည/၅ရက်) Jan-1 ၁၃၀,၀၀၀ိ/-
မန္တလေး - ပြင်ဦးလွင် ခရီးစဉ် Dec-24 (၄ည/၅ရက်) Jan-1 ၁၃၀,၀၀၀ိ/-
အမှတ် - ၇၄၊ နံ့သာလမ်း၊ အလုံ။ Ph;012301866, 09 5129134, 09 250154837

23 မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။


STI MYANMAR UNIVERSITY
SEO KYEONG UNIVERSITY
SKU University
The Best Korean University Now in YANGON
Certificate of Beauty Therapy
High-Frequency treatment with Korean style (Tyeong-Ral) massage
Free lesson/ treatment အတွက် lucky draw ကူပွန် ရရှိနိုင်မည့်အခွင့်အရေး
DATE : 6th, December 2014
TIME : 2:00 pm to 4:00 pm
VENUE : Shwe Bon Thar Campus
"Facial Lifting Treatment Demonstration"
RSVP: No.377, Upper Shwe Bon Thar Street, Pabedan Township, Yangon.
TEL: 377988, 507151/52, 09250064451, 0931702299
www.stiedu.net www.skuniv.ac.kr


HIGHWAY STAR Travels & Tours Co.Ltd.
HAPPY NEW YEAR 2015
Dec (24,30) 10 % OFF
NEW YEAR EVE PARTY
Dec( 5,6,12,13)
Special Promotion 6+1
ONLY SCANIA, MAN
www.facebook.com/highwaystartravels&tours
09-253235411-22, 09-253241300, 09-36220108-162

JUNE PHARMACEUTICAL LTD.
GINGARMIN
Spirulina with Ginger & Garlic
www.junepharmaceuticals.com
Ygn: + 95 9 730 12000, 730 13000, 730 14000 Mdy: + 95 2 24490, 39985, 39725, 36122

သင့်စိတ်ကူး လက်တွေ့အကောင်အထည်ဖော်ဖို့ အိမ်ရာအရောင်းပြပွဲသို့ ကြွလှမ်းကြပါစို့။
The 2nd Housing & Living 2014
December 13 to 16, 2014
Tatmadaw Hall, Yangon
Supporting Partners:
ZVILLAS AMPS Ayeyarwaddy HOME GALAXY A+ NATION LIGHT Co., Ltd. MODERN TECH EUROWIN NGWE KYAL EAIN ORANGE Trends Design SUN
Organized by: DAGON EXHIBITIONS
hot line: 09 30331405
www.events-housingandliving.com











သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုနိုင်ငံဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၉)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးညာဏ်ထွန်း လာအိုနိုင်ငံဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၉)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတဦးညာဏ်ထွန်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် နော်ဝေနိုင်ငံမှ ပါဝင်ဆောင်ရွက်ခဲ့သည်မှာ ကြာပြီဖြစ်
# နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ မိန့်ခွန်းပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၂**

သိမ်မွေ့ညင်သာသော မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကြောင့် မြန်မာကို ကမ္ဘာက ပိုမို အာရုံစူးစိုက်လာကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ် ဘုရင်နှင့် မိဖုရား ဆွန်ယာဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ် ရောက်ရှိနေသည်။

နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အရပ်ဘက်လူမှုအခြေပြု အဖွဲ့ အစည်းများနှင့် တွေ့ဆုံ၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ သမိုင်းဝင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် အမေရိကန်သမ္မတ မစ္စတာ ဘားရက်အိုဘားမားနှင့် မွန်ဂိုလီးယားသမ္မတတို့လည်း မြန်မာနိုင်ငံသို့ရောက်ခိုက် မိန့်ခွန်းပြောကြားခဲ့ကြသည်။

နော်ဝေနိုင်ငံ ပဉ္စမမြောက်ဘုရင်က "ဤသမိုင်းဝင်ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးမှာ လူကြီးမင်းတို့ကို မိန့် ခွန်းပြောကြားခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်"ဟုသည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍




နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင် ရန်ကုန်တက္ကသိုလ်ဘွဲ့ နှင်းသဘင်ခန်းမ၌ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)


ယနေ့ **မာတိကာ**

သတင်းနှင့် စာပေ အသက်ရှည် စာမျက်နှာ » ၆

ဗိုလ်ရှုသဘင်ပွဲ ပါဝင်ဆင်နွှဲခဲ့ကြရာတွင် စာမျက်နှာ » ၇

လာဇီယိုအသင်းမှ ထွက်ခွာရန် ကလိုဆေး ဆန္ဒရှိနေ စာမျက်နှာ » ၁၃


**ဥပဒေကြမ်းပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် "မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း"ကို စာမျက်နှာ ၁၅၊ ၁၆ တွင် ဖော်ပြထားပါသည်။

# မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံငြိမ်းချမ်းရေး အမျိုးသမီးများကွန်ရက် စတင်မိတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ ဘာသာကြီးလေးရပ်မှ အမျိုးသမီးခေါင်းဆောင်များ ပူးပေါင်းကာ အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်များမြှင့်တင်ပေးရန်၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍများ မြှင့်တင်ပေးရန်နှင့် အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်စေရေး တိုးမြှင့်ဆောင်ရွက်ပေးရန်တို့အတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ အမျိုးသမီးများကွန်ရက် (Religions for Peace Myanmar Woman of Faith Network- RFP-M WOFN)နှင့် စပ်လျဉ်းသည့် မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့(မြန်မာ)ဥက္ကဋ္ဌ ဦးမြင့်ဆွေက "ဘာသာပေါင်းစုံပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကလေးများ၏ ရပိုင်ခွင့်၊ လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ရပိုင်ခွင့်များပါဝင်ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးသော လုပ်ငန်းများဖြစ်ကြောင်း၊ ထောင်စုနှစ်

စာမျက်နှာ ၅ ကော်လံ ၄ သို့ ✪

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနား နေပြည်တော်၌ ကျင်းပမည် သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၂**

(၆၇)နှစ်မြာက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် မီဒီယာသမားများအနေဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းကို **ဒီဇင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ** ဆောင်ရွက်ရန်ဖြစ်ပြီး ကိုယ်ရေးအချက်အလက် (အကျဉ်း) ပတ်စ်ပို့ဓာတ်ပုံ သုံးပုံနှင့်အတူ ပေးပို့ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆၊ ဖက်(စ်) ၀၆၇-၄၁၂၁၂၄၊ emil-adnews 2014@gmail. com သို့လည်းကောင်း၊ ပြည်တွင်းစာနယ်ဇင်းများအနေဖြင့် ဖုန်း-၀၆၇-၄၁၂၀၀၂၊ ၀၆၇-၄၁၂၁၈၇၊ email-myintkyaw103@gmail.com သို့လည်းကောင်း ဆက်သွယ်ပေးပို့ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**


"ရလဒ် ကောင်းဖို့ ကျောင်းကောင်း ရွေးပါ"

ချယ်သနန္ဒီနိုင်
တည်ထောင်သည့်

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
FORWARD အဆင့်မြင့်စာသင်ဝိုင်း

ကျောင်း ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

Hot Line:
01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက်
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၅)

ကြိုအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]

◆ ကိုယ်ပိုင်အထက်တန်းကျောင်း PRIVATE SCHOOL
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ Grade 11 (ဧပြီ ၃) Grade 10 (ဧပြီ ၃၀) Grade 9,8,7,6 (မေ ၇) စ,မည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။

◆ အဆင့်မြင့်ဘော်ဒါ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီလ နောက်ဆုံးပတ် ဘော်ဒါ စ,ဝင်ရမည်]

◆ အဆင့်မြင့် စာသင်ဝိုင်း
Grade 10,11(တက္ကသိုလ်ဝင်တန်း)[ဘာသာစုံ]
Grade 11 [ ဂုဏ်ထူးရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
Grade 9 [သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံ]
(ဧပြီ ၃) စ,မည်။ ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။

* ကိုယ်ပိုင်အထက်တန်းကျောင်း (သို့)
အဆင့်မြင့် ဘော်ဒါ (သို့)
အဆင့်မြင့် စာသင်ဝိုင်း
◆ အဆင်ပြေ ကြိုက်နှစ်သက်ရာ အစီအစဉ်ကို စုံစမ်း၊ ရွေးချယ်၊ အပ်နှံ တက်ရောက်နိုင်ပါသည်။


themirror.npt@gmail.com
www.facebook.com/themirrordaily

# ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်လွှာ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူလက်ခံကျင်းပသော (၃၂)ကြိမ်မြောက်အာဆီယံအင်ဂျင်နီယာ အသင်းများ အဖွဲ့ချုပ်ညီလာခံကြီးကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၁၀)ရက်နေ့မှ (၁၃)ရက်နေ့အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ခမ်းနားအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်နေ့တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၊ သဘင်ခန်းမဆောင်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ အမြင့်ဆုံးဖြစ်သည့် အာဆီယံအထင်ကရ ဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားသို့ နိုင်ငံတော်သမ္မတကြီးက တက်ရောက်လက်ခံပေးသည့်အတွက် အာဆီယံအင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ်တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့က အထူးဂုဏ်ယူဝမ်းမြောက်လျက်ရှိပါသည်။

၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်နေ့၌ ဆီဒိုးနားဟိုတယ်တွင် ကျင်းပသော (၃၂)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုလွှတ်တော်နာယကနှင့်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းမှ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့သည့်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက အထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။

(၃၂)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ်ညီလာခံဖွင့်ပွဲနှင့် စက်မှုထုတ်ကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က တက်ရောက်ချီးမြှင့်ပေးကြသည့်အတွက် လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ISTIC-UNESCO မှ Academician Dato Ir. Lee Yee Chong တို့မှ ဖွင့်ပွဲအခမ်းအနားတွင် Keynote Speaker များအဖြစ် ပြောကြားပေးသည့်အတွက် လည်းကောင်း၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပေးသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများအားလုံးကိုလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် (၃၂)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ညီလာခံသို့ တက်ရောက်လာကြသော အာဆီယံအင်ဂျင်နီယာ အသင်းချုပ်၏ အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊လာအို၊မလေးရှား၊ဖိလစ်ပိုင်၊စင်ကာပူ၊ထိုင်းနှင့် ဗီယက်နမ်တို့မှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းပေးသော စာတမ်းရှင်များနှင့် မျိုးဆက်သစ်အင်ဂျင်နီယာများအား လည်းကောင်း၊ မိတ်ဖက်နိုင်ငံများဖြစ်ကြသော ဟောင်ကောင်၊အိန္ဒိယ၊ဂျပန်၊ကိုရီးယား၊နယူးဇီလန်နှင့် တရုတ်တိုင်ပေ တို့မှကိုယ်စားလှယ်များနှင့်မျိုးဆက်သစ်အင်ဂျင်နီယာများအားလည်းကောင်း၊ယဉ်ကျေးမှုအဆိုအကများဖြင့် တင်ဆက်ဖျော်ဖြေပေးကြသူများအား လည်းကောင်း၊ (၃၂)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံကြီး အောင်မြင်ပြီးမြောက်အောင် အဘက်ဘက်မှ ကူညီပေးခဲ့သော အစိုးရဝန်ကြီးဌာနများ၊ အသင်းဝင်ကုမ္ပဏီများအားလည်းကောင်း၊ ညီလာခံတွင် စက်မှုကုန်ထုတ်ပြပွဲများခင်းကျင်းပြသပေးသည့်ကုမ္ပဏီများအား လည်းကောင်း၊ စာတမ်းဖတ်ပွဲကြီးတွင် နည်းပညာဆိုင်ရာနှင့် သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းပေးသော ပြည်တွင်း/ပြည်ပမှ ပညာရှင်များနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများကို ဖြန့်ဝေအကဲဖြတ်ပေးသော သဘာပတိလူကြီးများအား လည်းကောင်း၊ လေ့လာရေးခရီး သွားရောက်နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လက်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဆည်မြောင်းဦးစီးဌာနနှင့် Green Gold Company တို့မှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကျေးဇူးတင်ရှိပါသည်။

ဤညီလာခံကြီးတွင် AFEO Awards, ASEAN Outstanding Engineering Achievement Awards နှင့် အာဆီယံ အင်ဂျင်နီယာလက်မှတ် (AER) အပ်နှင်းချီးမြှင့်ခြင်းခံရသူအားလုံးကိုလည်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဂုဏ်ပြုအပ်ပါသည်။

(၃၂)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံကြီး ခမ်းနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးကြသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဗဟိုကော်မတီဝင်များနှင့်အသင်းဝင်များ အစိုးရဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံးခွဲများမှ ဥက္ကဋ္ဌများနှင့် မျိုးဆက်သစ်အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နည်းပညာဆိုင်ရာ မဂ္ဂဇင်း (Tech Digest Magazine) မှ အယ်ဒီတာအဖွဲ့ဝင်များ၊ ခရီးသွားလာရေးကုမ္ပဏီများဖြစ်သော Nice Fair Travels နှင့် Thingazar Travels ကုမ္ပဏီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်ဆီဒိုးနားဟိုတယ် မန်နေဂျာနှင့် ဝန်ထမ်းများ၊ အခမ်းအနား ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးသော Realm Company မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ညီလာခံသတင်းရယူထုတ်ပြန်ပေးသော သတင်းမီဒီယာများနှင့် စာနယ်ဇင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်တို့အား (၃၂)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် နှစ်ပတ်လည် ညီလာခံ ကျင်းပရေးကော်မတီ နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့မှ အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း**

